www.burmeseclassic.com

# အန်တီခင်

BURMESE CLASSIC .com

တက္ကသိုလ်နေဝင်း

ဘုရားကိုးဆူပွဲ ပြီးသွားသည့်နောက် နွေရာသီကျောင်းပိတ်ရက်တစ်ချိန်လုံးတွင် ကျွန်တော်တို့နှစ်ယောက်သားမှာ နေ့တိုင်းလိုပင် ဆရာဦးအေးမောင်တို့အိမ်သို့ ညနေဘက်တွင် ရောက်တတ်ကာ ဆိုလိုက်တီးလိုက်၊ စားလိုက်သောက်လိုက်နှင့် တကယ့်ဆွေမျိုးရင်းချာလို ရင်းနှီးသွားပါတော့သည်။ သိန်းထွန်း၏ဖခင် ဦးဘတင်၏မိတ်ဆွေ ဆရာဦးအေးမောင်မှာ ယခုသော် ကျွန်တော်တို့အဖို့ အန်ကယ်ဦးအေးမောင်ဖြစ်လာပြီး ဒေါ်ခင်ခင်မှာလည်း အန်တီခင်ဖြစ်လာပါပြီ။ သည်လို ခင်မင်ရင်းနှီးလာတော့မှ အန်ကယ်နှင့် အန်တီတို့ချစ်မောင်နှံအကြောင်း ပို၍နီးကပ်စွာ လေ့လာခွင့်ရပါသည်။ တစ်ဦးနှင့်တစ်ဦး စကားပြောရာ၌ ဘယ်အခါမှ ရင့်သီးသော အသုံးအနှုန်းမျိုး သုံးသည်မရှိဘဲ အန်ကယ်က သူ့ချစ်ဇနီးအား 'ခင်'ဟု တစ်လုံးတည်း အဖျားဆွတ်ခေါ်သကဲ့သို့ အန်တီခင်ကလည်း လင်ဖြစ်သူအား 'မောင်' ဟု မြတ်နိုးစွာခေါ်ကာ တစ်ခင်တည်းခင်၊ တစ်မောင်တည်းမောင် ဖြစ်နေကြသော သူတို့မောင်နှံ၏ "ချစ်သူ့ခေါ်သံ"တွေမှာ တစ်အိမ်ထောင်လုံးတွင် ဂီတဆန်ဆန် သာယာနာပျော်ဖွယ် ကောင်းနေပါတော့သည်။ အန်တီခင် အလွန်သဘောကျပြီး ခဏခဏဆိုလေ့ရှိသော လေဘာတီမြရင်၏(ချစ်တာပမာန)သီချင်းထဲမှ

"တူနှစ်ကိုယ်...တဲအိုပျက်မှာနေရ...ရွှေဘုံပေါ်မှာ စံရ ချစ်တာ ချစ်တာပမာန... တစ်ယောက်မျက်နှာတစ်ယောက်မြင်ရင် မတင်းတိမ်သေးတယ်... ထမင်းမြိန်ဆေးသဖွယ်" စသော အပုဒ်များ...။

နောက်ပြီး လေဘာတီပင်ဆိုခဲ့သော (နှစ်ယောက်တည်း)သီချင်းမှ

"မောင်ရယ်... နှစ်ယောက်တည်းဆိုရင်ကြင်မယ်၊ ဇဝရက်တောင်ထိပ်ဝယ်... နေချင်ရင် အခုသွား၊ ရေရှားတဲ့ သဲကန္တာရ ဆာဟာရမရှောင်တယ်၊ နေမမြင်...ရေပြင်ခဲတဲ့ မြောက်ဝင်ရိုးစွန်းကိုပဲခေါ်ခေါ် တူပျော်ပါမယ်... သဲသဲမဲမဲ ဖွဲ့နဲ့ နှစ်ယောက်တည်း နေချင်တယ်"

စသော အပုဒ်များကို အန်ကယ်ဦးအေးမောင်တို့ ဇနီးမောင်နှံသည် မကြာခဏ မူဟန်ပါပါနှင့် ဆိုတတ်တီးတတ်သဖြင့် ကျွန်တော်နှင့် သိန်းထွန်းမှာ သူတို့အိမ်သို့ ရောက်တိုင်း ထိုသီချင်းများကို အနည်းဆုံး နှစ်ခေါက်စီ လောက်တီးပြီး သူ့တို့ချစ်မောင်နှံ ကြည်နူးစွာ သီဆိုသည်ကို နားထောင်ပြီး သဘောကျလေ့ရှိပါသည်။ နောက်တစ်ချက်ကတော့ အန်တီခင်တွင် သားသမီးမထွန်းကားသဖြင့် (နှစ်ယောက်တည်း)သီချင်းထဲကလို လွတ်လွတ်လပ်လပ် "သဲသဲမဲမဲ ဖွဲ့နဲ့နှစ်ယောက်တည်းချစ်"နိုင်ကြသဖြင့် ဆိုလိုက်တီးလိုက်နှင့်ပင် အချိန်ကုန်လေ့ရှိပါသည်။ ကုန်ကုန်ပြောရလျှင် ထိုခေတ်က မအူပင်တစ်မြို့လုံးတွင် ပညာဝန်ထောက် ဦးအေးမောင်တို့ စုံတွဲလောက် တစ်ယောက်ကို တစ်ယောက်ချစ်ပြီး ရှေ့သွားနောက်လိုက်ညီသော လင်မယား မရှိပါဟူ၍ အားလုံးက ဝန်ခံရလောက်အောင် နေနှင့်လ၊ ရွှေနှင့်မြမောင်နှံ ဖြစ်နေပါတော့သည်။ အန်တီခင်တို့ စုံတွဲကိုကြည့်ပြီး အားကျမိသော ကျွန်တော်ပင်လျှင် မကြာခဏ "ဟော့ ဖိုးသိန်းထွန်း... လင်မယားဆိုတာ အဲသလို

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွ။ မင်းတို့ငါတို့ ရည်မှန်းရမယ့် အိမ်ထောင်သည်ဘဝ (Family Life) ဟာလည်း သူတို့စုံတွဲလို ဖြစ်ရမှာ"ဟူ၍ ကျွန်တော့်သူငယ်ချင်းအား ပြောမိပါသေးသည်။

ထိုနှစ်ကျောင်းပိတ်ရက်ကုန်၍ ကျောင်းဖွင့်ချိန်တွင် ကျွန်တော်တို့ ရန်ကုန်ပြန်လာပြီးနောက် အန်ကယ်ဦးအေးမောင်တို့နှင့် မတွေ့ရတော့သော်လည်း ကျွန်တော်က စာရေးပြီး ဆက်သွယ်သောကြောင့် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှု မပျက်ခဲ့ပါ။ နောက် ၁၉၄၀ ခု နှစ်ဆန်းတွင် ဦးအေးမောင် ရန်ကုန်သို့ ပြောင်းလာရသောအခါ၌ကား ကျွန်တော့်အဖို့ အချိန်မရွေး တံခါးဖွင့်ထားသော စားအိမ်သောက်အိမ်တစ်အိမ် အလိုအလျောက် ရပါသည်။ ကျွန်တော်နှင့်ဆိုလျှင် တူရိယာ၊ ဂီတနှင့် စာပေဝါသနာပါသူချင်းဖြစ်သည့်ပြင် မိဘမဲ့တစ်ကောင်ကြွက် ကျွန်တော့်အား သားသမီးမရှိသော သူတို့မောင်နှံက ပိုပြီးခင်မင်ရင်းနှီးကာ တကယ့်သားရင်းတစ်ယောက်ကဲ့သို့ သံယောဇဉ်တွယ်နေပါတော့သည်။

တဖြည်းဖြည်း လူချင်းရင်းနှီးလာသောအခါမှပဲ သူတို့ဇနီးမောင်နှံနှင့် ပတ်သက်၍ ကျွန်တော် အလွန်သိချင်နေသော အကြောင်းများ စုံစမ်းခွင့်ရခဲ့သည်။ ကျွန်တော်သိချင်သည်ဆိုသော အကြောင်းကား အခြားမဟုတ်ပါ၊ သည်လောက်တောင် အဆင်ပြေပြီး ချစ်မဏ္ဍိုင် ခိုင်မြဲလှသည့် သူတို့မောင်နှံသည် ဘယ်ပုံဘယ်နည်း တွေ့ဆုံခဲ့လို့ ဘယ်လိုချစ်ကြိုးသွယ်မိကြသည်ဟူသော ဇာတ်လမ်းပင် ဖြစ်ပါသည်။ ပထမတော့ တော်ရုံနှင့် မေးလို့မရပါ။ "အန်ကယ်တို့ရဲ့ အချစ်ဇာတ်လမ်းကလေး မသိရဘူးလား"ဟု ကျွန်တော်က မေးသည့်အခါ ဆရာဦးအေးမောင်က "ဘာလဲ မင်းက အားကျပြီး ဝတ္ထုများ ရေးဦးမလို့လားကွ၊ ဟား၊ ဟား"ဟု ရယ်သွမ်းသွေးရင်း စကားကို လိုးလွှဲပြောတတ်ပါသည်။ သို့သော် ကျွန်တော်ကတော့ မနေပါ။ အန်တီခင်ကိုကပ်ပြီး ဖွတ်အတင်း မရမကမေးတော့ တစ်နေ့သူတို့၏ စိတ်ဝင်စားဖွယ် "ချစ်ကြောင်းကုန်စင်"ကို သိရပါတော့သည်။

* * *

ညောင်လေးပင်မြို့ ကျောင်းဆရာကြီး ဦးအောင်ဘွင့်နှင့် ဒေါ်သန်းခင်တို့တွင် သားသမီးဆို၍ ရှားရှားပါးပါး ခင်ခင်ဟူသော သမီးကလေးတစ်ဦးသာ ထွန်းကားခဲ့လေရာ သားသမီးရှားပါးသူ မိဘတို့၏ ထုံးစံအတိုင်း သမီးဖြစ်သူအား အသက်ပေးပြီး ချစ်ကြလျက် ယခု ခင်ခင် ၁၉ နှစ်ရွယ် အပျိုကြီးဖားဖားဖြစ်သည့်တိုင်အောင် မျက်စိအောက်က အပျောက်မခံဘဲ ကလေးငယ်ပမာ အရိပ်တကြည့်ကြည့်နှင့် ချစ်နေကြဆဲပင် ဖြစ်လေ၏။ ခင်ခင်မှာ ဖခင်ဦးအောင်ဘွင့်၏ ခန့်ညားပြီး အဆင်ပြေသော အချောနှင့် ဒေါ်သန်းခင်၏ မျက်လုံး၊ နှာတံအလှအပတွေပေါင်းကာ အကောင်းတွေချည့် စုထားသည်တွင် ဝါဝင်းကြည်လင်သော အသားအရေ၊ ကျန်းမာသန်စွမ်းပြီး အချိုးအစားကျသော ကိုယ်လုံးကလေးကလည်း ရှိပြန်သောကြောင့် ဘယ်လိုကြည့်ကြည့် ကျက်သရေဖြင့် ရွှန်းရွှန်းမြသော အလှဘုရင်မကလေး ဖြစ်နေလေသည်။

ရုပ်ဆင်းရူပကာ လှပတင့်တယ်သည့် အပေါ်တွင် စကားပြောရာ၌လည်း သွက်လက်ချက်ချာလှပြီး သူမ၏ နီထွေးထွေး နှုတ်ခမ်းပါးကလေးမှ ချက်ကျကျ ထွက်ပေါ်လာသော အသံမှာလည်း ဂီတဆန်အောင်ပင် သာယာနေပြန်သဖြင့် ဆရာကြီး ဦးအောင်ဘွင့်၏ သမီးကလေး ခင်ခင်ဟူသော ဂုဏ်သတင်းမှာ ညောင်လေးပင်မြို့ကလေးကို ကျော်လွန်ကာ ပြွန်တန်ဆာ၊ ဒိုက်ဦး၊ မဒေါက်၊ ရွှေကျင်၊ တော်ဝိစသော အနီးအနားရှိ မြို့များနှင့် ရွာနီးချုပ်စပ်သို့ပင် ပျံ့နှံ့ကာ ကြိုင်သင်းနေပါတော့သည်။

သည်လောက် ရနံ့သင်းပြီး လှပတင့်တယ်သော 'ပန်းပွင့်ကလေး' ကို အရချိုင်လိုကြသည့် ပျားပိတုန်း၊ လိပ်ပြာကောင်တွေ ဝိုင်းရံရစ်ဝဲနေမည်ဆိုတာတော့ အထူးပြောဖွယ် မရှိပါ။ ညောင်လေးပင်တစ်မြို့လုံးနှင့်တကွ ပြွန်တန်ဆာ၊ ဒိုက်ဦးထိအောင် ဂေါ်ငနဲယောကျ်ားတွေအားလုံး ဝိုင်းပြီး အစွမ်းကုန် ဂေါ်ခဲ့ကြသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မစွံခဲ့ပါ။ အကင်းပါးပြီး'လျှင်'လှသော ဆရာကြီးဦးအောင်ဘွင့်ကလည်း သမီးချောအား မျက်ခြည်ပြတ်မခံဘဲ မဥ္ဇူသကနတ်ပန်းပမာ ကျပ်တည်းစွာ စောင့်ကြပ်ထားခဲ့လေ၏။ သမီးဖြစ်သူက ငယ်ရွယ်သူတို့ဘဝ ဂီတဘက်၌ ဝါသနာထုံပြီး သီချင်းဆိုချင်၊ စန္ဒရားအတီး သင်ချင်ရှာသည်ကိုပင် ခွင့်မပြုဘဲ ဓမ္မစကြာတရားကိုချည့် အရကျက်ခိုင်းခဲ့လေသည်။ ခင်ခင်ကလေးမှာ ပညာထူးချွန်ပြီး ၁၇ နှစ်အရွယ်က ၁၀ တန်းအောင်ခဲ့သော်လည်း မိန်းက

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လေးတွေ လွှတ်လပ်လွန်းသည်ဟု ဦးအောင်ဘွင့်က ထင်သော ကောလိပ်ကျောင်းသို့ သမီးငယ်အား မပို့ခဲ့သဖြင့် သူမခမျာ ပညာကို ဆက်လက်သင်ကြားချင်လျက်နှင့် မသင်ကြားခဲ့ရှာပေ။

ဤသို့လျှင် ယက္ခ၊ ကုမ္ဘာဏ်ဝန်းရံစောင့်ကြပ်သည့် နတ်ပန်းမဥ္ဇူကလေး ခင်ခင်ကို ဘယ်ယင်ဖို၊ ဘယ်ငေါင်နဲ့မှ မစွံနိုင်အောင် လက်မှိုင်ချနေသည့်အချိန်၌ပင် ဆရာဖြစ်သင် ကောလိပ်မှအောင်ခါစ လူပျိုကြီး ကိုအေးမောင်သည် အထက်တန်းပြ ကျောင်းဆရာအဖြစ် ညောင်လေးပင်သို့ ပြောင်းလာလေသည်။

ဆရာကိုအေးမောင်မှာ မြန်မာစာပေကဗျာ၊ လင်္ကာဘက်၌ အထူးဝါသနာပါ လိုက်စားလျက် ရှေးဟောင်းမြန်မာစာပေ အဆီအနှစ်များကို သုတေသနပြုကာ ရှာဖွေဖော်ထုတ်လျက်ရှိသောကြောင့် ရန်ကုန်တက္ကသိုလ်၌ နေစဉ်ကပင် ထင်ရှားသော စာပေသမားတစ်ယောက်ဖြစ်ရာ ယခုသူညောင်လေးပင်သို့ အထက်တန်းပြဆရာအဖြစ် ပြောင်းလာလာချင်းပင် စာပေသမားများကို လေးစားသော ဆရာကြီးဦးအောင်ဘွင့်က ညစာထမင်း ဖိတ်ခေါ်ကျွေးမွေးရင်း မိတ်ဆက်လေသည်။ ဆရာကိုအေးမောင်ကတော့ ဘီအေအောင်ပြီးနောက် ဘီအီးဒီဘွဲ့ ဆွတ်ခူးမိသောအခါ အသက် ၃၀ ကျော်ပြီဖြစ်ရာ အိမ်ထောင်ပြုရန် စိတ်ကူးမထည့်သေးသော လူပျိုကြီးဖြစ်နေလေသည်။

ညစာထမင်းကျွေးသောညက ဆရာကိုအေးမောင်ကို ပထမအကြိမ်တွေ့ဖူးသော ဆရာကြီးဦးအောင်ဘွင့်နှင့် ဇနီးဒေါ်သန်းခင်တို့သည် ဧည့်သည်၏ ရည်မွန်သော အင်္ဂါရုပ်ကို မြင်မြင်ချင်းပင် ခင်မင်လေးစားမိကြတော့သည်။ ကိုအေးမောင်မှာ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ် ရယ်လိုက်လျှင် ဖြူဖွေးညီညာသောသွားနှင့် ပေါ်လွင်ထင်ရှားပြီး ခန့်ချောချောသော အင်္ဂါရုပ်ရှိသည့်ပြင် ကျောင်းနေစဉ် ဘောလုံး၊ တင်းနစ်၊ လေ့လှော်ခြင်းစသော ကစားခုန်စားများ လိုက်စားခဲ့ဖူးသော ကာယဗလ ကိုယ်လုံးကိုယ်ဖန်ကလည်းရှိလေရာ ရုတ်တရက်ကြည့်လိုက်လျှင် အသက်အစိတ်ခန့်သာရှိမည်ဟု ခန့်မှန်းရလေ၏။ ကိုအေးမောင်၏ မျက်နှာပေါက်၊ ကိုယ်နေကိုယ်ထား၊ စကားပြောသည့်ဟန်အစရှိသည်တို့ကို အထူးသဘောကျမိသူထဲတွင် ဆရာကြီးဦးအောင်ဘွင့်နှင့်ဇနီးသာမက သူတို့၏သမီးချော ခင်ခင်လည်း ပါဝင်လေသည်။ ထမင်းပွဲ၌ ဖခင်ဖြစ်သူ အနီးမှကပ်၍ ဟင်းလျာများ လိုက်ထည့်ပေးရင်း သူမသည် ဆရာကိုအေးမောင်အား မသိမသာ ခိုးကြည့်မိလေသည်။ တိတ်တဆိတ်ထည့်ရုံသာမဟုတ်သေး။ ကိုအေးမောင်နှင့် သူမ၏ဖခင် ဦးအောင်ဘွင့်တို့ စာပေအကြောင်း ဆွေးနွေးစကားပြောသည့်အထဲ ကိုအေးမောင်၏ ရှင်းလင်းပြတ်သားစွာပြောပြသည်ကိုလည်း အသာနားစွင့်ထောင်မိသေးသည်။ ဒီလူကြီးက ရုပ်ရေခန့်သလောက် စကားပြောတာလည်း နားထောင်ကောင်းလှတယ်ဟူ၍ သူမစိတ်ဝယ် မဆီမဆိုင် မှတ်ချက်ချနေမိလေ၏။ ခင်ခင်တစ်ယောက်တည်းသာ ဤသို့ဖြစ်နေသည်မဟုတ်။ လူပျိုကြီးကိုအေးမောင်မှာလည်း (ခါတိုင်းဆိုလျှင် မိန်းကလေးများကို ဂရုစိုက်လေ့မရှိသော်လည်း) ဖက်ဖူးရောင် မန္တလေးပိုးအင်္ကျီအဖြူနှင့် အစိမ်းပွင့်ရိုက်၊ တိုဗရယ်လ်ကိုလုံချည်တို့ဝတ်ကာ သနပ်ခါးရေကျဲ ကလေးလိမ်းပြီး ခေါင်းတွင် စံပယ်ပွင့်ကလေးတွေ ထိုးစိုက်ထားသော လုံမပျိုအား သတိထားမကြည့်ဘဲ မနေနိုင်သဖြင့် မိမိကိုယ်ကိုပင် ရှက်မိလေ၏။ သို့သော် သူမြင်ဖူးခဲ့သမျှ မိန်းမပျိုပေါင်း မြောက်မြားစွာအနက် ယခုထမင်းပွဲတွင် ဟင်းလျာများ လိုက်နေသောကလေးမမှာ ထူးထူးခြားခြားလှပသော ကျက်သရေကို ဆောင်ပါပေသည်ဟူ၍ကား စိတ်ထဲတွင် ကျိတ်၍ဝန်ခံထားပြီးလေပြီ။

အမှန်အတိုင်းကတော့ တစ်ဦးကိုတစ်ဦး ပထမဆုံးအကြိမ် တွေ့ဆုံကြသော ထိုထမင်းစားပွဲညက ကိုအေးမောင်နှင့် ခင်ခင် နှစ်ယောက်စလုံး၏ စိတ်ထဲဝယ် ထူးခြားသောစိတ်လှုပ်ရှားမှုများကို ခံစားလိုက်ကြရလေသတည်း။

ခင်ခင့်အဖို့ ပိုပြီးစိတ်လှုပ်ရှားစေသည့်အကြောင်းတစ်ခုသည် ၎င်းထမင်းစားပွဲညနှင့် ရက်သတ္တတစ်ပတ်လောက်ခြားပြီး ဖြစ်ပေါ်လာပြန်၏။ ဆရာကြီးဦးအောင်ဘွင့်၏ အိမ်နှင့်ကပ်၍နေသော တရားသူကြီး ဦးစံညွန့်မှာ တူရိယာဂီတဘက် အထူးဝါသနာပါသူဖြစ်လျက် စနေနေ့ညတိုင်း သူ့အိမ်တွင် အပျော်တမ်း တီးမှုတ်သီဆိုတတ်သူများကို ဖိတ်ခေါ်ပြီး ညစာထမင်းကျွေးမွေး၍ ညဉ့်နက်သန်းခေါင်တိုင်အောင် ဗမာသီချင်းကြီးသီချင်းခံများကို တီးမှုတ်သီဆိုစေတတ်ပါသည်။ စစ်မဖြစ်မီခေတ်က ရန်ကုန်တွင် ဆရာဦးဘချို(ဒီးဒုတ်)တို့အိမ်၌ စုရုံးလေ့ရှိသော ဂီတသုတေသနအဖွဲ့ အစည်းဝေးမျိုးပင်တည်း။ ထိုညက ဦးစံညွန့်အိမ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ညောင်လေးပင်နယ်၌ နာမည်ကြီးသော ပတ္တလားဆရာမောင်၊ မန္တလေးမှအပြန် ညောင်လေးပင်သို့ ခေတ္တဝင်နားနေသော စောင်း ကိုဘသန်းနှင့် မောင်ကြည်တို့ ဆရာတပည့်နှစ်ယောက်အပြင် မြို့သို့ရောက်ခါစလူသစ်ဖြစ်သော ဆရာကိုအေးမောင်ပါ ရောက်နေသဖြင့် အိမ်နီးပါးချင်းများကပါ အံ့အားသင့်နေကြလေသည်။ အကြောင်းမူကား ဆရာကိုအေးမောင် ညောင်လေးပင်ရောက်နေကြောင်း သိသိချင်း စောင်းကောက်ကိုဘသန်းက အတင်းဆွဲခေါ်လာပြီးတော့မှ သည်ကျောင်းဆရာက တူရိယာဂီတသမားလည်းဖြစ်ကြောင်းကို အားလုံးက သိကြရသောကြောင့်ပင်တည်း။ ကိုအေးမောင်နှင့် ဆရာဘသန်းတို့ကတော့ ရန်ကုန်မှာရှိစဉ်ကပင် ဆရာ ဦးဘချို၊ ဦးသိုက်တို့နှင့်ပတ်သက်ပြီး ခင်မင်ရင်းနှီးပြီးသား မိတ်ဆွေများဖြစ်လျက် ကိုအေးမောင် ဆရာဖြစ်သင်ကောလိပ်၌ရှိစဉ်ကပင် ကျွန်းတောကွက်သစ်မြောင်းမြလမ်းထိပ်ရှိ ကိုဘသန်းတို့အိမ်သို့ မကြာခဏရောက်ကာ သီချင်းများ ဆွေးနွေးတက်ယူလေ့ရှိခဲ့သည်။

ယခုညအဖို့ နာမည်ကျော် တူရိယာသမားတွေ စုံလုသဖြင့် ငြိမ့်ညောင်းသာယာသော ဂီတသံကို နားဆင်ရအုံ့ဟု အားခဲလာကြသော ပရိသတ်မှာ ဦးစံညွန့်တို့အိမ်တွင် အတော်စည်ကားလျက် ရှိလေသည်။ ထိုအခါ တစ်ဖက်အိမ်မှ ခင်ခင်မှာလည်း သူမအလွန်ဝါသနာပါသော တူရိယာကို နီးကပ်စွာနားထောင်လို၍တစ်ကြောင်း၊ သူမ ဘာကြောင့်မှန်းမသိ အလိုလိုနေရင်း စိတ်ဝင်စားမိသော ကိုအေးမောင်ဆိုသည့် ကျောင်းဆရာလူပျိုကြီးက စန္ဒရားတီးနှင့် သီချင်းဆိုကောင်းသည်ဟု သတင်းကြားထားရသည်တစ်ကြောင်း တစ်ဖက်အိမ်သို့ ကူးသွားချင်လှတော့သည်။ အဆုံး၌ "မေမေ ခင်လည်း တင်တင်ဦးတို့အိမ် ခဏသွားပြီး သီချင်းနားထောင်ပါရစေလား မေမေ" ဟု မိခင်ဖြစ်သူထံ အရဲစွန့်ခွင့်ပန်လေသည်။

တင်တင်ဦးကတော့ (ခင်ခင်နှင့်ကျောင်းနေဖက်) တရားသူကြီး ဦးစံညွန့်၏ သမီးပျိုကလေးဖြစ်လေသည်။

ကံအားလျော်စွာ ဖခင်ဦးအောင်ဘွင့်မှာ ရန်ကုန်ပညာမင်းကြီးရုံးသို့ ကိစ္စတစ်ခုနှင့် သွားနေရင်း စနေနေ့ည အမီပြန်ရောက်ရန်ရှိသော်လည်း အကြောင်းမညီညွတ်ဘဲ မရောက်နိုင်သဖြင့် ထိုညက အိမ်တွင်မရှိခိုက်ဖြစ်ရာ ဒေါ်သန်းခင်မှာလည်း ချစ်သမီးကလေး ထာဝစဉ်ကျပ်တည်းစွာ နေခဲ့ရရှာသည့်မှ စိတ်ပြေလက်ပျောက်ရှိစေတော့ဟု မိခင်တို့၏ ချစ်ခင်အလိုက်လိုက်ခြင်းဖြင့် လွယ်လင့်တကူပင် ခွင့်ပေးလိုက်သောကြောင့် ခင်ခင်မရွှေချောသည် ငါးမိနစ်အတွင်း တင်တင်ဦးတို့ အိမ်ဘက်ဆီသို့ ရောက်သွားလေသည်။

ထိုညက ဦးစံညွန့်တို့အိမ်မှ ထွက်ပေါ်လာသော တူရိယာဂီတသံမှာ အနုပညာဝါသနာပါသူများအဖို့ တကယ်ပင် အဖိုးတန်လှပေမည်။ ခါတိုင်းဆိုလျှင် ညောင်လေးပင်မြို့တွင် ကြားရခဲသော မဟာဂီတဝင်သီချင်းကြီးများကို ကျကျနနတီးကြဆိုကြသည်မှာ နားထောင်၍မငြီးနိုင်အောင်ရှိသဖြင့် အိမ်ရှင်ဖြစ်သော ဦးစံညွန့်တွင်လည်း ပီတိဖြစ်၍ မဆုံးနိုင်အောင်ပင် ရှိလေ၏။ သို့သော် ကျွန်တော်တို့၏ ဇာတ်လိုက်မင်းသမီးခင်ခင်အဖို့ကား ဆရာကိုဘသန်း၏စောင်းကောက်သံ၊ ဆရာမောင်၏ ဝါးပတ္တလားသံ၊ ကိုကြည်၏ တယောထိုးသံတွေထက် ထိုညက သီချင်းတစ်ပုဒ်တည်းဆိုသော ဆရာကိုအေးမောင်၏ အသံကိုသာ နားထဲ၌ စွဲနေပါတော့သည်။ ဆရာကိုအေးမောင်ဆိုသောသီချင်းမှာ (ဇမ္ဗူကျွန်းလုံး)သီချင်းခံ့ကြီးပင် ဖြစ်လေရာ ပင်ကိုသီချင်းကိုက ပြောစရာမရှိအောင် ကောင်းပြီးသားအပေါ်တွင် သူ၏ခန့်ညားအောင်မြင်သော အသံဝါနှင့် နည်းစနစ်ကျနသောဟန်၊ မှင်တို့ဖြင့် ပိုင်ပိုင်ကြီး ဆိုတတ်လေရာ ကာယကံရှင်အား စိတ်ဝင်စားနေသူ ခင်ခင်မဆိုထားနှင့် ကျန်ပရိသတ်အားလုံးပင် ငြိမ်ချက်သားကောင်းကာ နားစွင့်နေကြရလေသည်။ ဆရာကိုအေးမောင်မှာ တက္ကသိုလ်ကျောင်းမှ ဆရာဦးဘညွန့်(မဟာဝိဇ္ဇာ)နှင့် ကွယ်လွန်သူမင်းသားခင်မောင်ရင်(ကိုအောင်ဒင်)တို့၏ ဆရာဖြစ်သော မန္တလေးဆရာကိုအုံကြီးထံ၌ ပညာသင်ကြားခဲ့ဖူးကြောင်း နောက်မှပဲ ကျွန်တော်သိရပါသည်။

(ဇမ္ဗူကျွန်းလုံး)ကား သီချင်းကြီးထဲတွင် အတော်ရှည်လျားသော သီချင်းတစ်ပုဒ်ဖြစ်ကြောင်းကို ဂီတဝါသနာပါသူများတော့ သိပေလိမ့်မည်။ ဆရာကိုအေးမောင်က သီချင်းကို တစ်ပိုဒ်ပြီးတစ်ပိုဒ် သံနေသံထားဖြင့် သီဆိုသွားစဉ် ခပ်လှမ်းလှမ်းရှိ မိန်းကလေးသိုက်ထဲမှနေ၍ ကျုံ့ကျုံ့ကလေး ထိုင်နားထောင်နေသောခင်ခင်မှာ ဘာကြောင့် ရင်ထဲမှာ အလိုလိုဖိုနေမိသည်ကို သူမကိုယ်တိုင် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမသိပါ။ အမှန်ကတော့ စောင်းကောက်၊ ပတ္တလားနှင့် တယောသံနှင့် အဆိုပိုင်လှသော သီချင်းသံလှိုင်းဂယက်များအကြားဝယ် ခင်ခင်မှာ သာယာကြည်နူးလှသဖြင့် သူမကိုယ်တိုင်ပင် သတိမထားမိဘဲ စိတ်ကူးယဉ်ရေယဉ်ကြော၌ ကူးခတ်နေမိခြင်း ဖြစ်လေသည်။ ဘယ်လောက်ထိအောင် စိတ်ကူးယဉ်မိပါသနည်းဆိုသော် "ဟော ဒီလူကြီးရဲ့ သီချင်းနဲ့ဂီတသံကို အနားကပ်ပြီး အသက်ထက်ဆုံး နားထောင်နေရရင် ကောင်းမှာပဲ" ဟု စိတ်ကူးတောင့်တမိသည်အထိပင်ဖြစ်ပါသည်။

ကျွန်တော်တို့ ဇာတ်လိုက်မင်းသား လူပျိုကြီးကိုအေးမောင်ကိုလည်း ကြည့်လိုက်ပါဦး။ သူလည်း လူပျိုကြီး လူရိုးလူအဆိုသော်လည်း 'လျှင်'သလောက် 'လျှင်'ပါသေးသည်။ သူ စန္ဒရားနှင့်ပတ္တလားတီးနေရင်း၊ နောက် သီချင်းဆိုရင်း ဦးစံညွန့်သမီး တင်တင်ဦးအနားကပ်ပြီး ထိုင်နေသော ဆရာကြီးဦးအောင်ဘွင့်အိမ်မှ မဉ္ဇူသကနတ်ပန်းပွင့်ကလေးကို ခပ်စောစောကပင် မြင်မိ၊ သတိထားမိလေပြီ။ ဒါကြောင့်ပဲလားမသိ "ဟိုညက ဇမ္ဗူကျွန်းလုံးသီချင်းဆိုရတာ သိပ်ပြီးတော့ စိတ်ပါလက်ပါရှိတာပဲဗျာ"ဟူ၍ ဆရာကိုအေးမောင်သည် နောက်တော့ စကားစပ်မိတိုင်း ပြောလေ့ရှိပါသည်။

ဒါတွင်မကသေးပါ။ ကိုအေးမောင် လူပျိုကြီး၏ စိတ်ဒုက္ခကို ပိုပြီးဒုက္ခပေးလာပြန်ပုံကား စောင်းဦးဘသန်းနှင့် ဦးစံညွန့်တို့၏ ဖွတ်အတင်းတိုက်တွန်းမှုကြောင့် တင်တင်ဦးက စန္ဒရားတီးပြီး ခင်ခင်က သီချင်းတစ်ပုဒ် ထဆိုပြရလေတော့သည်။ အမြဲထာဝစဉ်ပျော်ပျော်နေတတ်သော ညောင်လေးပင် ရွာမသား လူပျိုခေါင်းကိုလှမောင်က ထတဲ့၍ "ယခု ဦးစံညွန့်သမီး တင်တင်ဦးက စန္ဒရားတီးပြီး၊ ဆရာကြီးဦးအောင်ဘွင့်သမီး ခင်ခင်က(နန်းကြာညိုကြော့) ပတ်ပျိုးကလေးကို ဆိုပြပါတော့မယ် ခင်ဗျား"ဟု ကြေညာလိုက်သောအခါ စန္ဒရားအနီးတွင်ပင်ရှိသော ဆရာကိုအေးမောင်တွင် ရှက်သလိုလို၊ မျက်နှာပူသလိုလိုနှင့် အူကြောင်ကြောင် ဖြစ်နေရှာလေသည်။ နောက်မှ "ဟယ် ငါနဲ့ ဘာဆိုင်လို့လဲ" ဟု မိမိကိုယ်ကို ပြန်ပြီး သတိပေးရလေသည်။

တင်တင်ဦးမှာ ရန်ကုန်ကျောင်းမှာနေရင်း ဆရာကိုဘသန်းနှင့် မတင်အုန်းတို့ထံ စန္ဒရားအတီးသင်လျက်ရှိရာ သင်ရိုးကုန်လျက် လက်အတော်အတန် မြောက်နေလေပြီ။ မြန်မာသံ ကာလပေါ်သီချင်းများကိုလည်း သွက်သွက်ကြီးတီးနိုင်ပေပြီ။ ခင်ခင်မှာသာ ဝါသနာပါလွန်းပြီး ကျောင်းသွားရင်း သီချင်းအဆိုကျင့်ခဲ့သော်လည်း တူရိယာအတီးနှင့် တစ်ခါမှ ကျကျနနမဆိုဘူးသဖြင့် စည်းဝါးမှမှန်ပါ့မလားဟု မိမိကိုယ်ကို ပြန်သံသယဖြစ်ရင်း သူ့ခမျာဆိုရရှာလေသည်။ သို့သော် သူကလေးမှာ ဝါသနာကြီးသလောက် ပညာပါရမီကလည်း ရှိသင့်သလောက်ရှိပြန်သဖြင့် (နန်းကြာညိုကြော့)ကို ပိုင်ပိုင်ကြီး ဆိုပြနိုင်ပါသည်။ ခင်ခင်၏ အသံနှင့်ဆိုပုံမှာ ယခုခေတ်နှုတ်ခမ်းနီပါးနီ နိုင်လွန်မကလေးတွေ လိုက်တုပြီးဆိုကြသော မေရှင်နှင့် ဒေါ်ရာသန်းအေးတို့ အသံမျိုးမဟုတ်ဘဲ ကြည်လင်အေးမြသော မအေးမိတို့လို အသံအေးဖြစ်ရာ စန္ဒရားအနားမှာ ငိုင်နေသော လူပျိုကြီးကိုအေးမောင်အဖို့ ဆွေမျိုးမေ့လောက်အောင် နားထောင်၍ကောင်းနေပါတော့သည်။

"ရွှေမာပင် နန်း... သာသည် မယ်မောင်
ပန်းယဉ်ပျော့တောင်... ခေါ်သယောင်ယောင်
သံရင့်လေး... စိမ်းညိုလဲ့ကျေး...
လေပြည်ဆော်သွေး...ပျံ့လှစုံမြိုင်...
ပန်းစုံက...ကြိုင်..."

ဓာတ်ပြားထဲ၌ မကြည်အောင်ဆိုထားသော (နန်းကြာညိုကြော့)သီချင်းမှာ စင်စစ်မြဝတီဝန်ကြီးရေး(အထူးထူးငယ်နှင့်)တောလားပတ်ပျိုးကြီးမှ ထုတ်နုတ်ချက်ပင်ဖြစ်လေရာ ရှေးသီချင်းကြီးလိုက်စားသူ အားလုံးအဖို့ နားထောင်၍ အရသာရှိမည်မှာ ယုံမှားဖွယ်မရှိပေ။ သို့သော် လူပျိုကြီးကိုအေးမောင်အဖို့ တခြားလူတွေဆိုတာထက် ယခု ခင်ခင်မည်သော ကလေးမဆိုတာက ထူးချွန်ပြီးကောင်းသည်ဟု ထင်ရလေသည်။ "ရွှေမာပင်နန်း" ချီအပိုဒ်ကို အသံအေးကလေးဖြင့် ဆွဲကာငင်ကာ သီဆိုပုံမှာ မူလဓာတ်ပြားသီချင်းကိုဆိုသော မကြည်အောင်ထက် အဆပေါင်းများစွာပို၍ သာယာနာပျော်ဖွယ် ရှိသည်ဟု သူ့စိတ်ဝယ် တစ်ထစ်ချမှတ်ချက်ချမိလေသည်။

"...သာမျိုးငယ်ထူး...တစ်ပင်...ပျံကူး ကျေးဖိုမမြူး" အပိုဒ်ဆီသို့ရောက်သောအခါ ဆရာကိုအေးမောင်မှာ သောတအာရုံတွင် ပီတိတွေဖြာနေရုံသာမက သူ၏စိတ်ထဲမှ "အင်း...ဒီလိုရုပ်ရေ လှပကျော့ရှင်းသလောက် အသံလည်း

www.burmeseclassic.com

www.burmeseclassic.com



သာလှတဲ့ ကလေးမကို သက်ဆုံးတိုင် အနားမှာထားပြီး သီချင်းဆိုခိုင်းနေရရင် တယ်နေရာကျမှာပဲ"ဟူ၍ပင် စိတ်ကူးယဉ်မိလေသည်။

အမိဟ္ဝယ်ကတော့ ခင်ခင်ရော၊ ကိုအေးမောင်ပါ နှစ်ယောက်စလုံးအဖို့ ဦးအောင်ဘွင့်အိမ် ထမင်းစားပွဲညက ဖြစ်ပေါ်ခဲ့သော စိတ်လှုပ်ရှားမှုများကို ယခုညတွင် ပို၍ပြင်းထန်စွာ ထိခိုက်ခံစားကြရလေသတည်း။

အထူးသဖြင့် လူ့လောကနှင့် အချစ်ကြောင်း အတွေ့အကြုံလုံးဝမရှိသော ခင်ခင်ကလေးမှာ ပိုပြီးရင်ထဲ၌ ဖိုလှိုက်ကာ ထိုညက တော်ရုံနှင့် အိပ်လို့မပျော်နိုင်အောင် ရှိခဲ့လေသတည်း။

* * *

ရှေ့သို့ဆက်၍ အကျယ်မချဲ့တော့ဘဲ အတိုချုံး၍ ဖြတ်ပြောရမည်ဆိုလျှင် နောက်သုံးလခန့်အတွင်း ဆရာကိုအေးမောင်နှင့် မခင်ခင်တို့ တစ်ဦးနှင့်တစ်ဦး စာပေးစာယူဖြင့် ဆက်သွယ်ရာမှ ချစ်ကြိုးနှောင်မိကြလေသည်။ ရွှေဖူးစာဆုံရအောင် ဖန်တီးပေးသူ ချစ်ကျိုးတော်ဆောင်ကတော့ အခြားမဟုတ်၊ ဦးစံညွန့်၏သမီး တင်တင်ဦးပင် ဖြစ်ပါသည်။ တင်တင်ဦးမှာ သည်လိုသမီးရည်းစားအောင်သွယ်လုပ်ခြင်းကို ဝါသနာမပါ၊ သို့သော် သူမမျက်မှောက်တွင် ယခုမြင်နေရသော ခင်ခင်နှင့် ဆရာကိုအေးမောင်တို့နှစ်ယောက်သားကို ကြည့်ရသည်မှာ ကိန္နရီမောင်နှံကဲ့သို့ တင့်တယ်ပြီး အဆင်ပြေလှသည်ဟု ထင်မြင်မိသဖြင့် သူတို့မောင်နှံ မြန်မြန်ကြီးနေရာကျအောင် တင်တင်ဦးမှာ ကူညီလိုက်ခြင်း ဖြစ်ပါသည်။ (သည်အကြောင်းကို နောက်တော့ ကျွန်တော့်အား ဇာတ်ကြောင်းပြန်ပြသည့် အန်တီခင်က ဟိုစဉ်က တင်တင်ဦးအကျိုးဆောင်ခဲ့ပုံတွေကို ကျေးဇူးတင်၍မဆုံးနိုင်ကြောင်း ပြောပြပါသည်။)

မည်သို့ပင်ဖြစ်စေ ဆရာကိုအေးမောင်နှင့် ခင်ခင်တို့မှာ စာပေးစာယူဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြိုးသွယ်ကြပြီး သက်ဆုံးတိုင် ခိုင်မြဲမည့်ချစ်မဏ္ဍိုင်ကြီးကို ကြိုးစားစိုက်ထူနေပါပြီ။ ကိုအေးမောင်၏ စိတ်ထဲတွင် သူနှင့်ရာသက်ပန် အိမ်ထောင်ဖက်အဖြစ် ခင်ခင်ထက် ပိုပြီးသင့်လျော်မည့် မိန်းကလေး တွေ့နိုင်တော့မည်မဟုတ်ဟု ယူဆမိသကဲ့သို့ ခင်ခင်မှာလည်း မိမိထက် အသက် ၁၀ နှစ်ကျော်ကျော်ကြီးသည်မှအပ ဆရာကိုအေးမောင်လို စိတ်ကောင်း သဘောကောင်းနှင့် သူမအား အသက်ထက်ဆုံး ယုယနှစ်သိမ့်မှုပေးမည့် ချစ်သူမျိုးရဖို့ရာ ခဲယဉ်းလှပေတော့မည်ဟု တွေးမိလေရာ ယခုသူတို့နှစ်ဦးသား စတင်စိုက်ထူနေသော ချစ်မဏ္ဍိုင်ကြီးမှာ အောက်ခြေအုတ်မြစ်ကစ၍ ခိုင်ခံ့စိတ်ချရသည်ဟု ဆိုရပါမည်။

သူတို့နှစ်ဦး သမီးရည်းစား ပေးစာများမှာ ယနေ့သာ ကျွန်တော်တို့ဖတ်ရမည်ဆိုလျှင် ဂန္ထဝင်မြောက် မြန်မာစာပေစုတစ်ခုဖြစ်နိုင်သည်ဟု အန်ကယ်ဦးအေးမောင်က တစ်နေ့ ကျွန်တော့်အား ပြောပြဖူးပါသည်။ အသည်းထဲအူထဲမှ လှိုက်လှိုက်လှဲလှဲ ချစ်တင်းဆိုအပ်သော စကားလုံးတွေကို စကားပြေ၊ ကဗျာ၊ တေးထပ်တို့ဖြင့် လှပစွာ သီကုံးခြင်းကို စာပေသမား ဆရာကိုအေးမောင်အဖို့ တွင်တွင်ကြီး ရေးသားနိုင်သကဲ့သို့ စာပေကဗျာကို ချစ်မြတ်နိုးသော ခင်ခင်သည်လည်း သူမချစ်သူ၏ ရှေ့ဆောင်ညွှန်ပြပေးခြင်း ခံရသောကြောင့် အဆင့်အတန်းမီ စာညွန့်ကလေးများပင် ရေးလာနိုင်ပေပြီ။ အထူးသဖြင့် ဆရာကိုအေးမောင် အလွန်နှစ်သက်သော နတ်သျှင်နောင်ဆို ရတုများထဲမှ ကောက်နုတ်ချက်များကို ချစ်သူထံရည်မှန်းလျက် ထည့်သွင်းရေးသားပြီးနောက် စကားပြေဖြင့် ပြန်လည်အဓိပ္ပာယ်ရှင်းပြပုံများမှာ ခင်ခင့်အဖို့ ဆတက်ထမ်းပိုး အချစ်တွေ တိုးစေသည့် ပီယဆေးများပင်ဖြစ်လေ၏။

သူတို့နှစ်ယောက်သား အပြန်အလှန်ရေးကြသော စာတွေကို အမြတ်တနိုးသိမ်းဆည်းထားခဲ့ကြသော်လည်း စစ်ကြီးဖြစ်စက ပြေးရင်းလွှားရင်း ပျောက်ဆုံးသွားသည်ကို ဆရာကိုအေးမောင် နှမြောတသ၍ မဆုံးနိုင်ချေ။

ဤသို့လျှင် ချစ်သူနှစ်ဦးသည် သစ်လွင်တောက်ပသောနောင်ရေးထဲမှ လာအံ့ဆဲဆဲ ချစ်ဗိမာန်ကြီးကို စိတ်တူသဘောတူ တည်ဆောက်လျက် ရှိစဉ်တွင်ပင် သူတို့၏ အချစ်လမ်းခရီးကို နှောင့်ယှက်မည့် အကြောင်းတစ်ခုသည် ပေါ်ပေါက်လာလေ၏။

ခင်ခင်၏ ဖခင်ဆရာကြီးဦးအောင်ဘွင့်မှာ ပင်ကိုစိတ်ရင်းက ဖြောင့်စင်းသလောက် ဒေါသကြီး၊ တယူသန်ဇွတ်သမားတစ်ယောက်လည်းဖြစ်ပေသည်။ တစ်နေ့သ၌ ခင်ခင့်စားပွဲမှ ဆရာကိုအေးမောင်၏ မေတ္တာစာတစ်စောင်ကို မိသည်မှအစပြု၍ သူကျပ်တည်းစွာ စောင့်ရှောက်ထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော သမီးကလေး၏ ခြေလှမ်းကျဲလာပုံကို သိသွားတော့လေရာ အကြီးအကျယ် ဒေါသယမ်းအိုး ပေါက်ကွဲပါတော့သည်။ ဆရာကိုအေးမောင်ကို ညောင်လေးပင်ရောက်ခါစက စာပေသုတေသနသမားအဖြစ် လေးစားမိခဲ့သော်လည်း စာပေတွင်သာမက တူရိယာဂီတဘက်၌လည်း ဝါသနာထုံသူမှန်း သိရသည့်အချိန်မှစ၍ ဆရာကိုအေးမောင်ကို အဘိုးကြီးက လုံးဝကြည့်မရတော့ချေ။ သူ ဤမျှအထင်သေးသော 'ဖက်ခွက်စား' ယောင်ယောင် လူပေါ့လူလေတစ်ယောက်က သူအသက်ပေးချစ်ခဲ့ရသော သမီးလိမ္မာကလေး၏ အချစ်ပန်းခိုင်ကို အရချိုင်ရန် လက်လှမ်းနေပြီဖြစ်ကြောင်း သိရသောအခါ၌ကား ဆရာကြီးဦးအောင်ဘွင့်မှာ စိတ်မရှည်တော့ပါ။ အရေးထဲ သမီးဖြစ်သူကပါတစ်ဖက်သို့ယိုင်နေပြီဖြစ်၍ သည်အတိုင်းထားလျှင် မဖြစ်နိုင်တော့ကြောင်း ကောင်းကောင်းကြီးသိရှိသွားလေရာ သူနှင့်ဒေါ်သန်းခင် နဂိုက စီမံရည်မှန်းထားသည့်အတိုင်း ဦးအောင်ဘွင့်၏ ငယ်သူငယ်ချင်း ရွှေကျင်မြို့မှ မြေပိုင်ရှင်သူဌေးဦးလူဝ၏သားနှင့် ခင်ခင်ကို နေရာချထားရန် အားချင်း အမြန်စီမံလေတော့သည်။

ဆရာကိုအေးမောင်မှာလည်း ငယ်ထိပ်မြွေပေါက်ခံရသကဲ့သို့ ခြေမကိုင်မိ၊ လက်မကိုင်မိအောင် ဗျာများရင်းကြံရာမရဖြစ်နေလေ၏။ အဘိုးကြီးကတော့ ဖွတ်သမားကြီးမို့ လုပ်မည်ဆိုလျှင် ဖွတ်တရွတ်ပင် လုပ်ချေတော့မည်။ ဒီအတိုင်းဆိုလျှင် ခင်ခင်ခမျာ ရွှေကျင်က သူဌေးသားနှင့် လက်ထပ်ရပေတော့မည်။ နောက်ဆုံးတွင် ချစ်သူနှစ်ဦးသည် ဘယ်လိုမှ မကြံတတ်နိုင်အောင် ရှိနေသဖြင့် မထူးတော့ပါဘူးဟု သဘောပေါက်ကာ အကျိုးဆောင် တင်တင်ဦးကပင် အကြံပေးသည့်အတိုင်း လိုက်နာကြရလေတော့သည်။

လမိုက်သောညတစ်ညတွင် ခင်ခင်သည် အရဲစွန့်ကာ အိမ်နောက်ဖေးမှ တိတ်တဆိတ် ဆင်းထွက်လာပြီး အောက်မှအသင့်စောင့်နေသော ကိုအေးမောင်၏ ရင်ခွင်သို့ ပြေးဝင်မိသည်နှင့်တစ်ပြိုင်နက် သူတို့၏အချစ်နှောင်ကြိုးသည် တကယ်လက်တွေ့ ချည်နှောင်မိကြပါတော့သည်။

သီတင်းကျွတ်ကျောင်းပိတ်ရက်နှင့် ကြုံသည့်အတိုင်း ဆရာကိုအေးမောင်သည် ထိုညတွင်းချင်းပင် နံပါတ် ၃ အဆန်စာပို့မီးရထားနှင့် မန္တလေးသို့ ချစ်သူအား သုတ်ပြေးလေတော့သည်။ မန္တလေးကျမှ အရေးပိုင်ရုံးတွင် လက်မှတ်ရေးထိုး ထိမ်းမြားကြပြီး ကိုအေးမောင်၏ ကြံဆောင်မှုကြောင့် ကျောင်းဖွင့်ချိန်၌ မန္တလေးကျောင်းမှာပင် ဆရာအလုပ်ခန့်အပ်ခြင်း ခံရလေသည်။

ဆရာကြီး ဦးအောင်ဘွင့်ကား သမီးဖြစ်သူအား ချက်ချင်းပင် သတင်းစာမှ အမွေဖြတ်ကြေညာလိုက်လေသည်။ သို့သော် ချစ်စခင်စ ကြင်နာစ မောင်နှံနှစ်ဦးကား လုံးဝတုန်လှုပ်ခြင်းမရှိဘဲ ချစ်ပင်လယ်ရေယာဉ်ကြောဝယ် အတားအဆီးမရှိ မျောချင်တိုင်းမျောကာ အပျော်ကြီးပျော်နေကြပါပြီ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သစ္စာတိုင်သီချင်းတွေလည်း အားရပါးရကြီး သီဆိုနိုင်ကြလေပြီ။

* * *

အမှန်ဆိုတော့ သူတို့ချစ်မောင်နှံနှစ်ဦးသည် အသက်ထက်ဆုံး ပျော်ရွှင်စွာပေါင်းကြလေတော့သတည်းဟူ၍ ဇာတ်လမ်းကို အဆုံးသတ်လိုက်သင့်ပြီ။ ဝတ္ထုကိုလည်း နိဂုံးချုပ်လိုက်ရုံ ရှိပါတော့သည်။ သို့သော် ဇာတ်လမ်းမှာ တကယ်တော့ မဆုံးသေးပါ။ ကျွန်တော် အထူးသဖြင့် ပြောပြလိုသော အန်ကယ်ဦးအေးမောင်၊ အန်တီခင်တို့၏ ဘဝလမ်းခရီး၏ ဇာတ်လမ်းမှာ ယခုမှ စသည်ဟု ဆိုရပါမည်။

ဝတ္ထုအစ၌ဖော်ပြခဲ့သော သူတို့မောင်နှံနှင့် ကျွန်တော်တို့ မအူပင်မြို့၌ စတင်သိကျွမ်းခဲ့သည့်အချိန်၏ နောက်ပိုင်းသာလျှင် စိတ်ဝင်စားဖွယ် အကောင်းဆုံးအဖြစ်အပျက်များ ဖြစ်ပါသည်။

ဦးအေးမောင် ရန်ကုန်သို့ ၁၉၄၀ ခုနှစ်က ပြောင်းလာခဲ့ပြီးနောက်လည်း ကျွန်တော်မှာ သူတို့နှင့် ပိုပြီးခင်မင်ရင်းနှီးလာခဲ့ရာ သူတို့နှစ်ဦးလုံးက ကျွန်တော့်ကို သားသမီးအရင်းကဲ့သို့ပင် မှတ်ယူလျက် အန်တီခင်ကဆိုလျှင် သားသားနှင့် ကျွန်တော့်အား မိခင်ပမာ ယုယအလိုလိုက်ခဲ့ပါသည်။

မကြာခဏ ကျွန်တော်က အန်တီခင်အား "အန်ကယ့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောပြစမ်းပါလား အန်တီ" ဟု စလိုက်သည်နှင့်တစ်ပြိုင်နက် အန်တီခင်သည် (ချစ်သမျှကို)သစ္စာတိုင်ပတ်ပျိုးကို ကောက်ဆိုပြပါတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ အန်ကယ်ဦးအေးမောင်ကလည်း ပီတိတွေဖြာနေလျက် သီချင်းကိုစန္ဒရားတီး၍ လိုက်ပါတော့သည်။

ဦးအေးမောင်မှာ သူအစဉ်သဖြင့် မျှော်မှန်းရည်ရွယ်ခဲ့သော ချစ်သူကိုရခဲ့သဖြင့် ငါလိုလူ ဇမ္ဗူရှိသေးလားဟူ၍ပင် လက်ခမောင်းထခတ်လောက်အောင်ပင် ဝမ်းမြောက်နေရှာလေ၏။ သူဝါသနာပါသော ဂီတအနုပညာကို လိုက်စားရာဝယ် ပါရမီဖြည့်မည့် ခင်ခင်တည်းဟူသော အဆိုတော်ကိုလည်း အပိုင်ရထားလေပြီ။ ဇနီးဖြစ်သူက သီချင်းဆိုပြီး သူက စန္ဒရားလိုက်တီးရသည့် စည်းစိမ်တို့လည်း အတိုင်းမသိ ကြည်နူးသာယာမိပါသည်။

ထို့ကြောင့် ဝတ္ထုအစ၌ ဖော်ပြခဲ့သည့်အတိုင်း သူတို့မောင်နှံကို ဘေးကကြည့်သူများကပင် ကျက်သရေရှိပြီး အဆင်ပြေလှသည်ဟု ပြောစမှတ်ပြုကြရပါသည်။

သီချင်းကြီးသီချင်းခံ့ထဲမှ သူတို့တီးမှုတ်သီဆိုလေ့ရှိသော ပတ်ပျိုးထဲကဆိုလျှင်

"ဟေဝန်စုံမြိုင်... သင်းကြိုင်ငယ်ညှာလန်း...ပူပုံငွေ... ထွေဆန်းလှလေး...မြပန်းကိုင်ရှုံ ခိုးရီမှုံ...တိမ်ပုံဆင်စ... မြောက်ပြန်သွင်းလေချီ...ဘီလာလေရိုက်ပါလို့ ပုံတိုက်ကယ်ကွဲ..."

ချီ ကိန္နရာ ချောင်းခြားကြီးကို အန်ကယ်ဦးအေးမောင်က တီးပုံနှင့် အန်တီခင်က ဆိုပုံတို့မှာ နားထောင်၍ အကောင်းဆုံးဟု ထင်မိပါသည်။ အန်တီခင်က စိတ်ပါလက်ပါဆိုသလောက် စန္ဒရားဆရာကလည်း တေးက ဗျာသီသလို လက်ပေါက်များကို လှပစွာသီကုံးတီးတတ်လေရာ မည်သူမျှ မချီးမွမ်းဘဲ မနေနိုင်ပါ။

ဤသို့လျှင် သူတို့မောင်နှံနှစ်ဦး၏ အိမ်ထောင်ရေးဗိမာန်ကြီးမှာ စိတ်ညစ်စရာဆို၍ တစ်ကွက်မှမရှိ၊ ဆူညှောင့်ခလုတ်တွေ လုံးဝကင်းရှင်းလျက် ပကတိဖြောင့်ဖြူးသာယာနေစဉ်ပင် ဒုတိယကမ္ဘာစစ်ကြီး၏ မီးတောက်မီးလျှံများသည် မြန်မာနိုင်ငံသို့ ကူးစက်လာတော့သည်။

ကျွန်တော်တို့ တက္ကသိုလ်သမဂ္ဂခေါင်းဆောင်ပိုင်းဝင်ကျောင်းသားများသည် ထိုအချိန်က ဗြိတိသျှကို တော်လှန်တိုက်ခိုက်ရာ၌ လျှို့ဝှက်စွာစည်းရုံးပါဝင်ခဲ့သည်ကို အထူးဖော်ပြစရာလိုမည်မထင်ပါ။ ဂျပန်က အင်္ဂလိပ်ကို စစ်ကြေညာလိုက်ပြီးနောက် ကျွန်တော်သည် ရဲဘော်သုံးကျိပ်ထဲမှ ရှေးဦးစွာ မြန်မာပြည်ထဲသို့ တိတ်တဆိတ်ဝင်လာသော ကိုလှမောင်(ဗိုလ်ဇေယျ)တို့နှင့် တနင်္သာရီနယ်တစ်နေရာတွင် အဆက်အသွယ်ရပြီး အလုပ်တွေ မအားမလပ်နိုင်အောင်ရှိခဲ့ရာ အန်တီခင်တို့နှင့်လည်း လုံးဝအဆက်ပြတ်သွားပါတော့သည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ (စစ်ကြေညာသောနေ့)ဆိုလျှင် လမ်း ၅၀ ရှိ သူတို့အိမ်သို့ ရောက်သွားပါသေးသည်။ အန်တီခင်က "ဟဲ့ ကောင်လေး... မင်းမှာ မိဘဆွေမျိုးသားချင်းဆိုလို့ အားထားစရာလည်းမရှိနဲ့ စစ်ကြီးဖြစ်လို့ ငါတို့လွတ်ရာကျွတ်ရာကို တိမ်းရှောင်တဲ့ဆီ လိုက်ပါလား သားရယ်" ဟု မိခင်တို့၏ ချစ်ခြင်းဖြင့် ခေါ်ပါသေးသည်။ သို့သော်ကျွန်တော်ကပင် "ဟာ... ကိစ္စမရှိပါဘူးအန်တီ။ ကျွန်တော် ရန်ကုန်ကျောင်းမှာပဲ ခဏခိုနေ ဦးမလို့။ အန်တီတို့သာ လွတ်မယ်ထင်တဲ့ဆီ သွားကြပါ။ ကျွန်တော့်အတွက်မပူပါနဲ့" ဟု လှည့်ဖြားပြောဆိုပြီး မော် လမြိုင်ဘက် လစ်ပြေးခဲ့ရပါသည်။

နောက်မှ ကျွန်တော် သိရသည်ကား သူတို့နှစ်ဦးသည် ဦးအေးမောင်၏ ဆွေမျိုးများရှိရာ အုတ်ဖို(သာယာဝတီခရိုင်)မြို့သို့ ရွှေ့ပြောင်းရှောင်တိမ်းနေခဲ့ကြကြောင်း။ မြန်မာပြည်ထဲ ဂျပန်စစ်တပ်တွေဝင်လာပြီး ဒေါက်တာဘမော်အစိုးရဖွဲ့စည်းလိုက်တော့မှပဲ ရန်ကုန်သို့ပြန်လာခဲ့ကြလေသည်။

ကျွန်တော့်မှာ ဂျပန်ခေတ် တစ်ခေတ်လုံးလိုလိုပင် အထက်မြန်မာပြည် စစ်မျက်နှာများ၌ အမှုထမ်းရင်း အချိန်ကုန်ခဲ့လေရာ အန်တီခင်တို့နှင့် (စစ်အတွင်း စာပို့တိုက်ဌာနအခြေအနေကြောင့်) စာပေးစာယူဖြင့်ပင် အဆက်အသွယ်မလုပ်နိုင်ခဲ့ပါ။

၁၉၄၃ ခုနှစ် ဩဂုတ်လ(ဂျပန်က မြန်မာကို 'လွတ်လပ်ရေး'ပေးသောလ)က ကျွန်တော်သည် အလုပ်ဝတ္တရားဖြင့် ရန်ကုန်စစ်ဦးစီးဌာနချုပ်သို့ ခေတ္တလာရောက်ခဲ့ရရာ စစ်တဖြစ်လုံး ငင်းအကြိမ်တစ်ကြိမ်သာ အန်တီခင်တို့နှင့် တွေ့ခဲ့ရပါသည်။ ထိုအချိန်က အန်ကယ်ဦးအေးမောင်မှာ အစိုးရ ပြန်ကြားရေးဌာန၌ အထူးအရာရှိအဖြစ်ဖြင့် ဆောင်ရွက်နေရာက မကျန်းမာသဖြင့် ခွင့်တစ်လယူပြီး နားနေခိုက်နှင့် ကြုံနေပါသည်။

ကျွန်တော်လည်း စစ်ဌာနချုပ်မှ တယ်လီဖုန်းဖြင့် ပြန်ကြားရေးရုံးသို့ စုံစမ်းပြီးပြီးချင်းပင် ရွှေဂုံတိုင်လမ်းရှိ အနှိတ်

www.burmeseclassic.com

www.burmeseclassic.com



ခင်တို့အိမ်သို့ ပြေးပါတော့သည်။ ကျွန်တော့်ကို မြင်မြင်ချင်းပင် သူတို့နှစ်ဦးလုံးသည် ဝမ်းသာအားရ ဖက်ယမ်းကာ နှုတ်ဆက်ကြပါသည်။ အန်ကယ်ဦးအေးမောင်"ဟေး ငါ့သားကြီး လာပဟေ့"ဟု ဆိုကာ ကျောသပ်ရင်သပ် စေ့စပ်စွာအကဲခတ်ရင်း ယခင်ကောလိပ်ကျောင်းက တယောသမားလူနုတစ်ယောက်နှင့်မတူဘဲ စစ်ယူနီဖောင်းဖြင့် လူကြမ်းကြီးဖြစ်လာသော ကျွန်တော့်အား ကြည့်ပြီးသဘောကျနေပါသည်။ အန်တီခင်ကတော့ "မင်းသိပ်ပြီးတော့ စိမ်းကားတာပဲ မောင်နေဝင်းရယ်"မျက်ရည်ဝဲကာ ကျွန်တော့်အား စိတ်နာစကားဆိုလေသည်။

ကျွန်တော်ကတော့ ဆူပူကြမ်းမောင်းတာတွေ ဖယ်ထားကာ (ချစ်သမျှကို)ပတ်ပျိုးနှင့်(နှစ်ယောက်တည်း) ကာလပေါ် သီချင်းကို ဖွတ်အတင်း ဆိုပြနိုင်းရန်သာ စိတ်ကူးနေပါတော့သည်။ သို့သော်... သည်တစ်ခါ အန်တီခင်တို့အိမ်သို့ ကျွန်တော်လာပြီး တည်းခိုရသည်မှာ ပျင်းစရာကောင်းသလိုလို ခြောက်ကပ်ကပ်ကြီးဖြစ်နေပါသည်။ မအူပင်မှာတုန်းက ကျွန်တော်တို့ ကျက်စားနေခဲ့သည့် သူတို့အိမ်မျိုးနှင့်မတူပါ။ မတူတော့သည်ဆိုရာ၌ အန်တီခင်နှင့် အန်ကယ်ဦးအေးမောင်တို့ တစ်ဦးနှင့်တစ်ဦး ခေါ်ပြောဆက်ဆံပုံမှာ အနည်းငယ်ပြောင်းလဲလာသည်ဟု ထင်မိပါသည်။ ကျွန်တော့်ရှေ့တွင်တော့ ယခင်ကလိုပဲ "ခင်"-"မောင်" စသဖြင့် တစ်ခင်တည်းခင်၊ တစ်မောင်တည်းမောင်နေကြသော်လည်း မအူပင်မှာတုန်းက ကျွန်တော်မြင်ခဲ့သော ယမုန်နာမြစ်ကမ်းရှိ ကျွန်းငွေသောင်ဝယ် ရွှေလည်တွဲကာ ပျော်မြူးသည့် ကိန္နရီမောင်နှံနှင့်မတူတော့ဘဲ ပြဇာတ်ခုံပေါ်တက်ပြီး ပွဲကြည့်ပရိသတ်ရှေ့ ချစ်ခင်ယုယဟန်ကပြနေသော မင်းသမီးမင်းသားနှင့် တူသလို ထင်ရသဖြင့် ကျွန်တော့်မှာ ရုတ်တရက်အံ့အားသင့်မိပါသေးသည်။ သို့ရာတွင် အန်ကယ်ဦးအေးမောင် နာမကျန်းဖြစ်၍လည်းကောင်း၊ စစ်အတွင်း အစစအရာရာ စိတ်ညစ်ညူးစရာတွေ တွေ့ကြုံနေရ၍လည်းကောင်း သူတို့၏ ချစ်ရိပ်မြုံကြီးဝယ် တစ်ချက်တစ်ချက် မပြောပလောက်သော အနှောင့်အယှက်ကလေးများ ပေါ်လာတတ်သာ ဖြစ်မှာပဲဟူ၍ တွေးမိပါသည်။

ကျွန်တော်လည်း ရန်ကုန်မှာ ၄ ရက်သာကြာပြီး အထက်မြန်မာပြည်သို့ပြန်ပြီး ထွက်ခွာလာရပါသည်။ အလုပ်ဝတ္တရားတွေက များလှသဖြင့် အန်တီခင်တို့အကြောင်းကို နောက်ထပ် မစဉ်းစားအားနိုင်အောင် ရှိပါတော့သည်။

၎င်းနောက် သူတို့နှင့်အဆက် ပြတ်သွားပြန်သည်မှာ ၁၉၄၅ ခု မတ်လ ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးသွားသည့်အချိန်အထိပင် ဖြစ်ပါသည်။ ထိုနှစ် ဇူလိုင်လအတွင်းက ကျွန်တော်အမှုထမ်းနေသော ဗမာ့တပ်မတော် တိုင်းအမှတ် ၇။ တိုင်းစစ်ဌာနမှူး ဗိုလ်မှူးအောင်နှင့်အတူ နတ်တလင်းစခန်းမှ ရန်ကုန်ဌာနချုပ်သို့ ခေတ္တလာခဲ့ရပါသည်။ ကျွန်တော်က ဂျစ်ကားကိုမောင်းပြီး ဗိုလ်မှူးအောင်က ကျွန်တော်၏ လက်ယာတွင်ထိုင်လျက် ပြည်လမ်းမှ လက်ဝဲဘက် ဘောင်ဒရီလမ်းသို့ချိုးကာ လောင်းဝစ္စလမ်း ဌာနချုပ်ရှိရာသို့ အသွားတွင် ဗိုလ်မှူးအောင်က "ဟေ့ ဟိုမှာကြည့်စမ်း ဒီစုံတွဲက တယ်စမတ်ကျပါလားကွ"ဟု ပြောလိုက်ပါသည်။ ဗိုလ်မှူးအောင်မှာ ဘုန်းကြီးလူထွက်လူရိုး လူပျိုကြီးဟု ရဲဘော်တွေအားလုံးကပင် သိကြလေရာ သူက စမတ်ကျသည်ဟု မှတ်ချက်ချလျှင် တော်တော်ပဲ အားကျစရာကောင်းမည့် စုံတွဲပင် ဖြစ်ရမည်ဟု တွေးဆမိပြီး ကျွန်တော်လည်း ဗိုလ်မှူးညွှန်ပြရာဘက်သို့ လှမ်းကြည့်လိုက်မိပါသည်။

ကျွန်တော်တို့ ဂျစ်ကားမှာ ဘောင်ဒရီလမ်းနှင့် လင့်ခ်လမ်းတို့ဆုံရာသို့ ရောက်နေပြီဖြစ်ရာ ရွှေဂုံတိုင်လမ်းဘက်မှ လင့်ခ်လမ်းအတိုင်း မောင်းလာသော နက်ပြာရောင် အော်စတင်ကားကလေးတစ်စီးကို မြင်ရပါသည်။

အော်စတင်ကားကို အသက် ၄၀ ကျော် ၅၀ တွင်း အသားဖြူဖြူ ခပ်ဝဝခံ့ခံ့၊ ရွှေကိုင်းမျက်မှန်တပ် လူတစ်ယောက်မောင်းလျက် ကားမောင်းသူ၏ လက်ဝဲဘက်တွင် အစွမ်းကုန် အလှတွေပြင်ဆင် မွမ်းမံထားသော အသက် ၄၀ ခန့် အမျိုးသမီးချောချောတစ်ယောက် ကပ်လျက် ထိုင်နေပါသည်။

ထိုအမျိုးသမီးကား အခြားဟုတ်ပါရိုးလား...? အန်တီခင်။

အန်တီခင်မှ အန်တီခင်အစစ်။ သူမကတော့ ကျွန်တော်တို့ကို မြင်ဟန်မတူပါ။ ကားမောင်းသူလူကြီးနှင့် ပြုံးကာရယ်ကာ ဟန်ပါပါနှင့် ရောရောဝင်ဝင် ရင်းနှီးစွာ စကားပြောရင်း ပါသွားလေရာ ကျွန်တော့်မှာ ရုတ်တရက် စကားမပြောနိုင်လောက်အောင်ပင် အံ့အားသင့်နေမိပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်မှ ဗိုလ်မှူးအောင်အား ရှင်းပြလိုက်ရပါသည်။

"ဟာ...အဲဒါ ကျွန်တော်သိတယ်ဗိုလ်မှူး။ ပြန်ကြားရေးဌာနက ဆရာဦးအေးမောင်ရဲ့မိန်းမအန်တီခင်ပါ။ အခုကားမောင်းသွားတာကတော့ ကျွန်တော်မသိတဲ့ တခြားလူတစ်ယောက်ပဲ။ အန်ကယ်ဦးအေးမောင် မဟုတ်ဘူး"

"ဟင်...မင်းဟာ ဟုတ်ကဲ့လားကွာ။ တွဲသွားလိုက်ကြတာ တကယ့်လင်မယားကျနေတာပဲ"

ဗိုလ်မှူးအောင်ကတော့ အန်တီခင်လို လင်ရှိမိန်းမတစ်ဦး သူစိမ်းတစ်ရံဆံယောကျ်ားနဲ့ ရောရောဝင်ဝင် သွားလားလာလား လုပ်သည်ကို နည်းနည်းမှ သဘောမကျနိုင်သဖြင့် ဝေဖန်လိုက်ပါသည်။

ကျွန်တော်က ဘာမှပြန်မပြောရသေးမီ ကျွန်တော်တို့ ဂျစ်ကားမှာ လောင်းဝစ္စလမ်းဌာနချုပ်အနားသို့ ရောက်လာသဖြင့် စကားပြတ်သွားပါတော့သည်။

အလုပ်ကိစ္စတွေပြီး၍ ညနေစောင်းတွင် ဗိုလ်မှူးအောင်အား သူတည်းခိုရာ ကြည့်မြင်တိုင်အိမ်သို့ ပို့ပြီးနောက် ကျွန်တော်သည် ရွှေဂုံတိုင်လမ်း အန်တီခင်တို့အိမ်သို့ ဂျစ်ကားနှင့် သုတ်ပြေးပါတော့သည်။

ကျွန်တော်ရောက်သွားသောအချိန်၌ အန်တီခင်မှာ ဖြီးလိမ်းဝတ်စားထားလျက်ပင် ရှိသေးရာ အပြင်ဘက်မှ အိမ်ပြန်ရောက်ခါစနှင့် တူပါသည်။ ကျွန်တော့်ကိုမြင်မြင်ချင်း အန်တီခင်မှာ အလွန်အားရဝမ်းမြောက်ဟန်နှင့် "ဟယ် မောင်နေဝင်းပါလား၊ ကြည့်စမ်း ပျောက်ချက်သားကောင်းနေလိုက်တာ။ မင့်ကြည့်ရတာကတော့ ဝလို့ပါပဲလား။ ဩော်.... မောင် ဟောဒီမှာ မောင့်သား စစ်ဗိုလ်ကြီးကို ကြည့်လှည့်ပါဦး" ဟု အိမ်ဘက်သို့လှည့်ပြီး ပြောပြောဆိုဆိုပင် ကျွန်တော့်ကို ဆွဲခေါ်သွားရာ အိမ်ခန်းထဲတွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့်ထိုင်နေသော အန်ကယ်ဦးအေးမောင်ကို မြင်ရသောအခါ ကျွန်တော့်မှာ အထူးပင်စိတ်မကောင်းဖြစ်မိပါတော့သည်။

အန်ကယ်ဦးအေးမောင်မှာ ကျွန်တော် လွန်ခဲ့သော ၂ နှစ်က တွေ့ခဲ့ရပုံနှင့် လုံးဝမတူတော့ဘဲ အသားအရေဖြူဖတ်ဖြူရော်ဖြစ်လျက် လူတစ်ကိုယ်လုံးမှာလည်း အရိုးပေါ်အရေတင်အောင် ကြုံလှီပိန်ချုံးနေပါတော့သည်။

"ဘယ်လိုဖြစ်ရတာလဲ အန်ကယ်"

"၁၉၄၃ ခုနှစ်က မင်းခဏ ရန်ကုန်လာတုန်း အန်ကယ်ခွင့်ယူထားရတယ်မဟုတ်လား။ အဲဒီအချိန်ကစပြီး တီဘီရောဂါရှိတယ်ထင်လို့ ဆရာဝန်တွေ စမ်းသပ်ခိုင်းတော့ တကယ်ပဲ တီဘီဖြစ်နေမှန်းသိရတယ်။ ဒါပေမဲ့ ဂျပန်ခေတ်မို့ ဆေးဝါးကောင်း ရှာမရတာမို့ လူလည်း တဖြည်းဖြည်း အားနည်းပြီး ချုံးကျသွားလိုက်တာ အခုမင်းမြင်တဲ့အတိုင်း မောင်နေဝင်းရယ်။ ခုတော့ အန်ကယ့်အဖို့ လမ်းလျှောက်ရင်တောင် မောနေပြီ"

အန်ကယ်ဦးအေးမောင်က သူ့ရောဂါ ဖြစ်ပုံကို ပြောပြသောအခါ ကျွန်တော့်မှာ ဖခင်အရင်းလို ချစ်ခင်သူတစ်ဦးအဖြစ် အလွန်စိတ်မကောင်းဖြစ်ရပါသည်။

ထိုညက ကျွန်တော် သူတို့အိမ်မှာပဲ အိပ်ပါသည်။ ထမင်းစားသောက်ပြီးနောက် ကျွန်တော်က သူတို့မောင်နှံနှစ်ဦးအကြားတွင်ထိုင်ကာ စစ်အတွင်းက အထက်မြန်မာနှင့် စစ်မျက်နှာအနှံ့အပြား ကျွန်တော် ရောက်ခဲ့ပုံများ၊ တော်လှန်ရေးအတွင်း ဇရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်၌ ကျွန်တော်တို့တပ်တွေ တွေ့ကြုံဖြစ်ပျက်ခဲ့ပုံများကို စီကာပတ်ကုံး ပြောပြသောအခါ သူတို့နှစ်ဦးလုံးမှာ စိတ်ဝင်စားကြလျက် အထူးသဖြင့် အန်ကယ်ဦးအေးမောင်မှာ စိတ်ပျော်လာသလို၊ ရောဂါပဲသက်သာလာသလို ရွှင်ပျလာပါသည်။ အမှန်တော့လည်း ဦးအေးမောင်အဖို့ ကျွန်တော့်ကို ကြည့်ရင်း "ဒီလိုအရွယ် အားကိုးရမယ့် သားရင်းတစ်ယောက်လောက် အနားမှာ ရှိရင် တယ်ကောင်းမှာပဲ" ဟု အားကျတောင့်တနေမိခြင်း ဖြစ်ပါသည်။

ညအတော် ညဥ့်နက်၍ အန်ကယ်ဦးအေးမောင် အိပ်ပျော်သွားသောအခါ အန်တီခင်နှင့်ကျွန်တော်တို့သည် အိမ်ရှေ့ခန်း၌ ကော်ဖီထိုင်သောက်နေကြပါသည်။ ကျွန်တော် တစ်ညနေလုံး မေးချင်လှသော မေးခွန်းကို အခုမှပဲ မေးရပါတော့မည်။

"ဒါထက် အန်တီ နေ့ခင်းက အော်စတင်ကားကလေးနဲ့ အန်တီ့ကို မြင်လိုက်ပါတယ်။ အန်တီနဲ့ တွဲသွားတာ ဘယ်သူလဲဟင်"

ကျွန်တော်က ဖြန်းခနဲမေးချလိုက်ရာ အန်တီခင်တွင် ရုတ်တရက် မျက်နှာပျက်သွားပါသည်။

"ဩော် မင်းမြင်လိုက်သလား။ ဒါနဲ့များ ဒီကောင်က လေး ငါ့တောင်လှမ်းမခေါ်ဘူး။ ဒီလိုကွဲ့ ငါသားလို့အ

www.burmeseclassic.com

www.burmeseclassic.com



ကျိုးအကြောင်း ရေလည်အောင် ပြောပြရဦးမယ်။ မင်းသိတဲ့အတိုင်း မင်းအန်ကယ် အလုပ်မလုပ်နိုင်တာ ၂ နှစ်တောင် ရှိသွား ပြီ။ ပထမလေးလလောက်သာ အလုပ်က လခရပြီး နောက်တော့ မရတော့တာနဲ့ အန်တီတို့လည်း ရှိတာလေးတွေ တဖြည်းဖြည်းထုခွဲရောင်းချ စားသောက်နေရတာပေါ့။ အန်တီတို့မှာလည်း ရရစားစားမို့ စုဆောင်းပြီးသားဆိုလို့ ဘာမှထူးထူးထွေထွေ မရှိတာတော့ မင်းအသိပဲ။ ဒါနဲ့ လွန်ခဲ့တဲ့နှစ်ကစပြီး မင့် အန်ကယ်ဆေးဖိုးဝါးခနဲ့ ဓာတ်စာကလေးများ ဝယ်စားနိုင်ပါစေတော့ဆိုပြီး အန်တီကိုယ်တိုင်ပဲ အရောင်းအဝယ် ဟိုစပ်စပ် ဒီစပ်စပ် ထွက်ပြီးလုပ်ရတယ်။ အညာကုန်၊ အောက်ကုန် ဖလှယ်ရောင်းဝယ်တဲ့နေရာမှာလည်း ပွဲစားလုပ်တယ်။ အဲဒါက တော်တော်လေး ရသားကွဲ့။ တို့နှစ်ယောက်အဖို့ မနည်းချောင်သွားတာပေါ့။ အန်တီအဲသလို အရောင်းအဝယ်လုပ်ရင်း အနောက်ပိုင်းက ပွဲစားကြီးဦးတင့်နဲ့ တွေ့ကြုံသိကျွမ်းပြီး ရင်းနှီးကြတယ်။ မင်း နေ့ခင်းက တွေ့တယ်ဆိုတာ ဦးတင့်ပေါ့။ သူ့ခမျာ သံယောဇဉ်အတွယ်အတာဆိုလို့ အိမ်ထောင်လည်းမရှိတဲ့ လူပျိုကြီးဖြစ်ပြီး အန်တီတို့ကို အင်မတန်ပဲ ခင်မင်ရှာတယ်။ အန်တီ့အရောင်းအဝယ် ကိစ္စတွေမှန်သမျှမှာ ကျွမ်းကျင်ပြီးသား သူ့လိုပုဂ္ဂိုလ်တစ်ဦးရဲ့ အကူအညီရှိလို့ ဒါလောက် ဟန်နေတာပေါ့။ ဟော အခု အင်္ဂလိပ်ပြန်ဝင်လာတော့လည်း တတ်နိုင်သလောက် ကြိုးစားရှာဖွေနေကြရတဲ့အခါ အန်တီ့မှာ မိန်းမသားမို့ သွားလာဖို့ရာ ခက်ခဲလေတော့ နေ့တိုင်းပဲ ဦးတင့်က သူ့ကားနဲ့ ကိုယ်တိုင်လာကြိုပြီး သွားလိုရာ လိုက်ပို့ရှာလို့ မောင်မင်းကြီးသား ကျေးဇူးကြီးလှပါတယ်ကွယ်။ သူ့ခမျာ တကယ်ပဲ ရိုးရိုးသားသား ခင်ရှာတာပါ"

ကျွန်တော်၏ မျက်နှာအမူအရာမှာ ခပ်တင်းတင်းဖြစ်ပြီး နေ့ခင်းက သူတို့ကို မော်တော်ကားနှင့် မြင်လိုက်သည်ကို မကျေနပ်သည့် အရိပ်အယောင်များရှိကြောင်း အန်တီခင်ကိုယ်တိုင်က ရိပ်မိသဖြင့် သည်လောက်တောင် အကျယ်တဝင့် ရှင်းလင်းပြောပြနေခြင်း ဖြစ်ပါသည်။

"လူပျိုကြီးဖြစ်တိုင်း ရိုးရောလား"

ကျွန်တော်က ဆက်ပြီးဘုပြောလိုက်ပါသည်။

"ဟဲ့ကောင်လေး ဘာတွေပြောနေတာလဲ၊ ရိုးလို့ရိုးတယ် ပြောတာပေါ့ကွဲ့။ ဒါကြောင့်လည်း မင်းအန်ကယ်က အန်တီ့ကို စိတ်ချနေတာပေါ့"

"အင်း တကယ်ပဲ ရိုးရင်တော့ ကောင်းပါ့ဗျာ"

ကျွန်တော်ကတော့ အန်တီခင်၏ အဖြေကို မကျေနပ်နိုင်ပါ။

"ဘာလဲကွဲ့ မင်းက အန်တီ့ကို စိတ်မချလို့လား။ ကိုယ့်အမေ သူများနောက်ပါသွားမှာ စိုးလို့လား" ဟု အန်တီခင်က အရွှတ်ပြောသလိုနှင့် စကားကို လျှောချလိုက်သော်လည်း ထိုညက ကျွန်တော့်မှာ အိပ်ရာဝင်သည်အထိ အန်တီ၏အပေါ်တွင် မကျေနပ်ဘဲ ယခင်ကနဲ့မတူအောင် အပြုအမူ ဟန်အမူအရာတွေလည်း ပြောင်းလဲလာသည်ဟု ထင်မိပါသည်။

နောက်တစ်နေ့ ညဘက်တွင် ကျွန်တော့်မှာ ဗိုလ်မှူးအောင်နှင့်အတူ နတ်တလင်းမြို့သို့ ပြန်ခဲ့ရပါသည်။ ရန်ကုန်မှ မထွက်ခွာမီတော့ ကျွန်တော်နှင့် ကျောင်းနေဖက် အိန္ဒိယပြည်မှ စစ်တပ်နှင့် ပါလာသော မိတ်ဆွေဆရာဝန်တစ်ဦးကို ဆေးရုံကြီး၌ ရှာဖွေတွေ့ဆုံပြီး အန်ကယ်ဦးအေးမောင်၏ ရောဂါကို နောက်ဆုံးပေါ် ခေတ်မီဆေးဝါးများနှင့် ကုသဖို့ရာအတွက် စီမံပေးခဲ့ပါသည်။

* * *

ကျွန်တော်လည်း နောက်ထပ် ရန်ကုန်သို့ မရောက်တော့ဘဲ နတ်တလင်းမှာပင် တပ်မတော်တွေ ဖျက်သိမ်းရန် ကိစ္စတွေနှင့် အလုပ်များနေခဲ့ပါသည်။ နောက်သုံးလခန့်ကြာသောအခါ ကျွန်တော်၏မိတ်ဆွေဆရာဝန်၏ အထူးကြိုးစားကုသပေးမှုကြောင့် အန်ကယ်ဦးအေးမောင်၏ ရောဂါမှာ အတော်ပင်သက်သာလာလျက် သူကိုယ်တိုင် အစိုးရပြည်သူ့ဆက်ဆံရေးဌာနတွင် သတင်းဖြန့်ချိရေးအရာရှိအဖြစ် အလုပ်ဝင်လုပ်နေကြောင်း သတင်းကောင်းကြားရပါသည်။

ထို့နောက် ကျွန်တော်တို့ စစ်တပ်တွေ ဖျက်သိမ်းခြင်း၊ လောင်းဝစ္စလမ်းမှာပင် ပြည်သူ့ရဲဘော်တပ်တွေဖွဲ့စည်းခြင်း၊ ကျွန်တော့်ကိုလည်း စစ်တပ်မှထွက်ကာ ဖဆပလအမျိုးသားတပ်ဦးကြီးကို ပဲ့ကိုင်ဦးစီးနေသော ဗိုလ်ချုပ်အိမ်သို့ အချိန်ပြည့် အမှုထမ်းရန် တာဝန်ပေးခံရခြင်းတို့ကြောင့် စစ်ပြီးခေတ်၏ နောက်ပိုင်းတွင် အန်တီခင်တို့၏ အဖြစ်အပျက် အကြောင်းစုံကို နောက်တော့အန်ကယ် ဦး

www.burmeseclassic.com

www.burmeseclassic.com



အေးမောင်ပြောပြသည့်အတိုင်း အောက်တွင် ဖော်ပြလိုက်ရပါသတည်း။

* * *

စစ်ပြီးခေတ်တွင် ဂျစ်ကားတဝီဝီလျှောက်စီးနေသော အန်တီခင်ကား ယခင်က ကျွန်တော်သိသော အန်တီခင် မဟုတ်တော့ပါ။ သူမ၏ ကိုယ်ကို အလှပြင်ပုံကအစ ယခင်က မလုပ်စဖူး နှုတ်ခမ်းနီဆိုးလာခြင်း၊ ပါးလွှာပြီး တင်းကျပ်တစ်နေသော အင်္ကျီအဝတ်အစားများ ဝတ်လာခြင်း၊ ခေါင်းမှာပင် အမောက်ကလေးထောင်ကာ ခေတ်အဆန်ဆုံး ဝတ်စားဆင်ယင်တတ်လာခြင်းတို့ကြောင့် အသက် ၄၀ ကျော်ပြီဖြစ်လင့်ကစား အပျိုဘဝတုန်းကလှပပြီး အချိုးအစားကျသော ကိုယ်လုံးကလည်း ပြေပြစ်လှပလျက်ပင် ရှိလေရာ သူမအား မသိသူတို့က အသက် ၂၅ နှစ်နှင့် ၃၀ ကြားပဲ ရှိလိမ့်မည်ဟူ၍ ခန့်မှန်းရလောက်အောင်ပင် အရွယ်တင်ပါသည်။

အမှန်ဆိုရလျှင် အန်တီခင်မှာ ယောကျ်ားတကာတို့၏ စိတ်ကို ယိုဖိတ်စေလောက်အောင် စွမ်းဆောင်နိုင်သော ရုပ်ဆင်းရူပကာ ရှိပါသေးသည်။

ဂျပန်ခေတ်က ကုန်သည်ပွဲစား စတင်လုပ်ကိုင်ခဲ့သောကြောင့်ပဲလားမသိ။ အန်တီခင်မှာ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟ အတိုင်းထက်အလွန်ပေါများနေပါတော့သည်။ နဂိုကပင် လူတကာနှင့် ရည်ငံအောင် သွက်လက်ချက်ချာစွာ စကားပြောတတ်သော ပီယဝါစာတန်ခိုးကြောင့် သူမအား လူတိုင်းကပင် ခင်မင်ကြပါသည်။

(စိုစိုက်ရီတီ)ခေါ် အထက်တန်းစား လူမှုဆက်ဆံရေးလောကအလယ်သို့ တဖြည်းဖြည်း ရောက်လာသော အန်တီခင်မှာ ရန်ကုန်မြို့ မျက်နှာကြီးပရိသတ်အလယ်သို့ ဝင်ဆံ့စ ပြုလာပါပြီ။ စစ်ပြီးခေတ် ဒေါ်ခင်ခင်ကြီး ခေါင်းဆောင်သော မြန်မာပြည်အမျိုးသမီး လွတ်လပ်ရေးအဖွဲ့ချုပ်တွင်လည်း တာဝန်ခံအမှုဆောင်တစ်ဦးအဖြစ် ဝင်ရောက်ဆောင်ရွက်ကာ အစည်းအဝေးတွေတက်လိုက်၊ စင်မြင့်ပေါ်တက် တရားဟောလိုက်နှင့် လူလည်လုပ်လာပါပြီ။

အန်တီခင်အား နေရာတကာသို့ မော်တော်ကားဖြင့် စေတနာကောင်းစွာ လိုက်ပြီးမောင်းပို့နေသူကား ပွဲစားကြီး ဦးတင့်ပင် ဖြစ်ပေ၏။ ဦးတင့်နှင့် ပတ်သက်၍လည်း အန်တီခင်မှာ မြန်မာကုန်သည်လောကမှ နာမည်ကြီး မျက်နှာကြီးပရိသတ်အလယ်တွင် အတော်ပင် ဝင်ဆံ့လာပါသည်။ စကော့ဈေးမျက်နှာစာတန်းနှင့် သိမ်ကြီးဈေးမှ ထိပ်သီးအထည်ကုန်သည်ကြီးတွေထဲကဆိုလျှင်လည်း အန်တီခင်နှင့် မသိသလောက် မရှိပါ။ ဆရာဦးအေးမောင်မှာ နဂိုကပင် ရန်ကုန်မြို့အထက်တန်းစားဆိုသည့် ပရိသတ်အလယ်တွင် လူပေါင်းဆန့်သူဖြစ်ရာ ဦးအေးမောင်ဇနီးဟူသော ဂုဏ်ပုဒ်ကြောင့်လည်း အန်တီခင်မှာ မျက်နှာပွင့်လန်းလျက် ရှိပါသည်။

ဤသို့အန်တီခင်မှာ ကိုယ်တိုင်ထွက်၍ စီးပွားရှာဖွေရေး၌ စိတ်ဝင်စားပြီး သွားလာလုပ်ကိုင်လျက်ရှိစဉ် စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းတစ်ခု ထွက်ပေါ်လာလေ၏။ သတင်းကတော့ "ဦးအေးမောင်မိန်းမ ဒေါ်ခင်ခင်နဲ့ ပွဲစားဦးတင့်နဲ့ တိတ်တိတ်ပုန်းညားနေကြပြီ" ဟူသော ကောလာဟလသတင်းဆိုးပင် ဖြစ်ပါသည်။ ထိုသတင်း မှန်မမှန်အပထား၍ အတင်းအဖျင်းပြော အလွန်ဝါသနာပါသော ရန်ကုန်(စိုစိုက်ရီတီ)လူထုကတော့ အန်တီခင်ကွယ်ရာမှာ တွင်တွင်ကြီး ပြောနေကြပါပြီ။ ထိုအတောအတွင်း အန်ကယ်ဦးအေးမောင်၏ အဆုတ်ရောဂါမှာ ပြန်၍ဆိုးလာပြီး သူ့ခမျာ အလုပ်ဆက်မလုပ်နိုင်တော့ဘဲ ခွင့်ရက်ရှည်ယူထားရပါသည်။ ယင်းသို့ လင်ယောကျ်ားမှာ အားအင်ချည့်နဲ့သော လူမမာဖြစ်နေ၍လည်းကောင်း၊ အန်တီခင်ကိုယ်တိုင်က ပွဲစား ဦးတင့်နှင့် အမြဲလိုလို ရဲတင်းရင်းနှီးစွာ တွဲပြီးသွားလာနေသောကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင် ပရိသတ်က သမုတ်ကြခြင်း ဖြစ်ပါသည်။ စင်စစ် ဤသို့ပြောသော ပရိသတ်ကိုလည်း အပြစ်မဆိုသာပါ။ သည်လို သမုတ်ချင်စရာကောင်းလောက်အောင်ပဲ အန်တီခင်တို့ နေပုံထိုင်ပုံသွား လာပုံမှာ မျက်စိနောက်စရာကောင်းလှပါသည်။

တစ်ခါတစ်ရံ အန်တီခင်တို့ ကဲလိုက်ပုံများမှာ စစ်ဘက်မှ အထည်အုပ်တွေ ဈေးချောင်ချောင်နှင့် ရမည်ဆို၍ သွားရပါသည်ဟု အကြောင်းပြကာ အိမ်သို့ ည ၈ နာရီခွဲ ၉ နာရီလောက်မှ ပြန်လာတတ်ပါသည်။ ဒါတွေကြောင့် ဘေးပရိသတ်က ပြောစရာဖြစ်လာတတ်ပါသည်။ အန်တီခင်ကို သည်လိုပြောကြသူတွေထဲမှာ ဦးအေးမောင်အဘော့

www.burmeseclassic.com



မပါပါ။ အန်တီခင်အိမ်ပြန်နောက်ကျလျှင်လည်း "ဟော ခင်ပြန်လာပလား၊ ကြည့်စမ်းပါဦး၊ ချွေးတွေသန်တွေနဲ့ ငါ့ မိန်းမ မောလှရော့မယ်၊ ကဲ ကဲ နားချည်ပါဦးကွယ် နားချည် ပါဦး" ဟူ၍ ချစ်ကရုဏာနှင့် ပြောတတ်ပါသည်။ သူ့စိတ် ထဲဝယ် သူနာမကျန်းဖြစ်လို့သာ ဇနီးဖြစ်သူမှာ မိန်းမသား တန်မဲ့နဲ့ ပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေနေရသည်ဟူ၍ မိမိကိုယ်ကိုသာ ပြန်ကြည့်ပြီး ယူကျုံးမရဖြစ်ရှာပါသည်။

ဇာတ်မြုပ်နေသော အန်တီခင်၏ မိဘများအ ကြောင်း ပြောပြဖို့ကျန်ပါသေးသည်။ ဂျပန်ဝင်စက ဆရာ ကြီးဦးအောင်ဘွင့်တို့မှာ ရွှေကျင်ဘက်အပြေး ဓားပြတိုက်ခံ ရပြီး ရှိစုမဲ့စုကလေး ပြောင်သွားပြီးနောက် စစ်အတွင်းက အမရပူရရှိ ဒေါ်သန်းခင်၏ ဆွေမျိုးများထံ၌ သွားရောက် ခိုကပ်နေကြရာက နဂိုက စိတ်စက်မကောင်းသော ဦး အောင်ဘွင့်မှာ နှလုံးရောဂါနှင့် ၁၉၄၄ ခုနှစ်က အနိစ္စ ရောက်သွားပါသည်။ အကုသိုလ်ဖိစီးလာပြီဆိုမှဖြင့် ဆက် တိုက် ဆိုးတတ်သော ဓမ္မတာအတိုင်း ၁၉၄၅ ခုနှစ်ဦး အင်္ဂ လိပ်တပ်တွေ ပြန်ဝင်ခါနီး တောင်မြို့ကို တရကြမ်းဗုံးကြဲ ရာတွင် ဒေါ်သန်းခင်တို့ တည်းခိုနေသော တိုက်ကို တည့် တည့်ကြီး ဗုံးမှန်လေရာ အမယ်ကြီးမှာလည်း ချစ်သမီးက လေး၏ မျက်နှာကိုမှ မမြင်လိုက်ရတော့ဘဲ ဦးအောင်ဘွင့် နောက်သို့ လိုက်ပါသွားရရှာပါတော့သည်။

ထို့ကြောင့် အန်တီခင်တို့မှာ စစ်ပြီးခေတ်ကျတော့ အားကိုးစရာမဲ့ကာ ဝမ်းရေးပြဿနာကို ဖြေရှင်းရန်အတွက် ကိုယ်တိုင်ထွက်ကဲ့နေရသောဘဝသို့ ဆိုက်နေရခြင်း ဖြစ်ပါ သည်။

တစ်နေကုန်အောင် ပင်ပင်ပန်းပန်း သွားလာပြီး စီး ပွားရှာရသည်ကို အန်တီခင်၏ စိတ်ထဲတွင် မောသည်ဟု အလျှင်းမထင်မိပါ။ သွားလိုက်လာလိုက်နှင့် လူပရိသတ် အများ၏အကြားဝယ် လူးလာခတ်ကာ ကျက်စားရင်း စီး ပွားရှာရသည်ကိုပင် တစ်မျိုးပျော်စရာကောင်းသည်ဟု သူမ၏စိတ်ဝယ် ထင်မြင်မိလာပါသည်။ နံနက်မိုးလင်း၍ ၇ နာရီထိုးလျှင် အန်တီခင်မှာ ကြော့နေအောင်ဝတ်စားပြင် ဆင်ပြီးနေပါပြီ။ သူမက သည်လိုအဆင်သင့်ဖြစ်နေ၍ လည်း အိမ်ရှေ့တွင် ဦးတင့်၏ အော်စတင်ကားကလေး ထိုးဆိုက်ပြီး ဟွန်းတစ်ချက်ပေးလိုက်သည်နှင့် "ဟော ... ကားလာပြီ။ ခင်သွားလိုက်ဦးမယ်နော် မောင်" ဟု လင်ဖြစ် သူအား တစ်ခွန်းနှုတ်ဆက်ပြီး ကားရှိရာသို့ ပြေးဆင်းသွား တတ်ပုံမှာ အစိုးရရုံးတစ်ရုံးမှာ အလုပ်ဝင်ကာစ စာရေးမ အပျိုကလေးတစ်ယောက်နှင့် တူအောင်ပင် ဖျတ်လတ် သွက်လက်နေပါတော့သည်။

သို့သော် သတင်းဆိုသည်ကား တောမီးလောင်သ ကဲ့သို့ လျင်မြန်လှသောအဟုန်ဖြင့် ပျံ့နှံ့တတ်လေရာ အန် တီခင်နှင့် ပွဲစားဦးတင့်တို့၏ သွားပုပ်လေလွင့်သတင်းမှာ များမကြာမီ ဦးအေးမောင်၏နားသို့ ပေါက်လာပါသည်။ ဆရာဦးအေးမောင်ကိုယ်တိုင်က သူ၏ချစ်ဇနီးတွင် ဟန်အ မူအရာ ဝတ်ပုံစားပုံမှစ၍ ယခင်ကနှင့်မတူဘဲ ထူးခြားလာ သည်ဟု ထင်မြင်မိနေဆဲတွင် ယခုလိုသတင်းမျိုး ကြားရ သောအခါ နဂိုက မိမိ၏စိတ်ထဲတွင် သူ၏ချစ်ဇနီးနှင့်ပတ် သက်၍ ထားရှိတွေးထင်ချက်များ မှန်လေပြီတကားဟု ယူ ဆရတော့မည့်ပုံ ဖြစ်နေလေရာ သူ၏စိတ်ဝယ် အထူးထိ ခိုက်သွားပါသည်။ သို့ဖြစ်လင့်ကစား သူအသက်ပေး၍ မြတ်နိုးသော ချစ်ဇနီးသည်အပေါ် ထားရှိသည့် ချစ်မေတ္တာ အဟုန်ကြောင့်လည်းကောင်း၊ သူ နာမကျန်းရှိသည်ကို တခြားမိန်းမတွေကဲ့သို့ လက်မှိုင်ချကာ ညည်းတွားခြင်းမရှိ ဘဲ မိန်းမသားတန်မဲ့နှင့် စွမ်းစွမ်းတမံထပြီး အလုပ်လုပ်နေ သော အန်တီခင်၏ စိတ်ဓာတ်ကိုငဲ့ကွက်၍လည်းကောင်း၊ ဦးအေးမောင်မှာ သူ၏အသည်းနှလုံးကို ဆွဲငင်လှုပ်ကိုင် ကာ ကျီစယ်ကစားလျက်ရှိသော ဇနီးသည်အား ရက်ရက် စက်စက်ပြောရန် ပါးစပ်ကမထွက်နိုင်အောင် ရှိပါတော့ သည်။

တကယ်ဆိုတော့ အန်တီခင် အိမ်ပြန်မိုးချုပ်တိုင်း လင်သည်လူမမာအတွက် သစ်တော်သီး၊ ပန်းသီး ဓာတ်စာများ၊ ဟောလစ်၊ အိုဗာတင်း၊ ဘီစကွတ်စားဖွယ် သောက်ဖွယ်များ တစ်ပွေ့တစ်ပိုက်ကြီးယူကာ ပြန်လာ တတ်ခြင်းမှာ တကယ့်စေတနာထက် သူမ၏အပြစ်ကို ဖုံးကွယ်သော "ပျားရည်နှင့်ဝမ်းချ" ခြင်းများသာဖြစ်သည် ဟု အန်ကယ် ဦးအေးမောင်၏ စိတ်ထဲတွင် ကောင်း ကောင်းကြီးသိပါသည်။ သို့သော် သဘောထားကြီးလှ သော ယောကျ်ားတစ်ဦးဖြစ်သောကြောင့် အန်တီခင်အား ရုတ်တရက် ဟန့်တားပြောဆိုရန် ဝန်လေးလျက်ရှိပါသည်။

တဖြည်းဖြည်း အဆုတ်အားနည်းလာသော သူ၏ ရောဂါမှာလည်း ကျိတ်ပြီးစိတ်ထိခိုက်မှုကြောင့် ပို၍အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေ ဆိုးလာပြန်ပါသည်။ ချောင်းဆိုးလျှင် သွေးစများပင် ပါလာပါပြီ။

အချိန်မှာ တဖြည်းဖြည်းကုန်လာခဲ့ရာ တစ်နေ့တွင် ဆရာဦးအေးမောင်၏ သည်းခံမှုစံချိန်မှာ ကျိုးပေါက်သွားပါသည်။ အန်တီခင်ကတော့ တဖြည်းဖြည်း ကဲလာလျက် တစ်ည ဦးတင့်နှင့်နှစ်ယောက်သား ရုပ်ရှင်ကြည့်သည်ဆိုပြီး ၁၀ နာရီထိုးမှ အိမ်ပြန်လာသောအခါ အန်ကယ်က "ခင် အဝတ်အစားလဲပြီးတော့ မောင့်အနားလာပါဦးကွယ်" ဟုခေါ်ကာ လေအေးလေပျော့နှင့် ချစ်ဇနီးအား ဆုံးမစကား ဆိုပါတော့သည်။ ဦးအေးမောင် ပြောပုံကတော့ ဒိန်းတလိန်းနတ် ဖမ်းစားသူတို့ ထုံးစံကဲ့သို့ ရှူးရှူးရှဲရှဲဖြစ်ခြင်းမဟုတ်ဘဲ အန်တီခင် ယခုတလော နေထိုင်သွားလာပုံတွေမှာ သူ့အဖို့ ဘာမှကိစ္စမရှိသည်ပဲထား။ နံဘေးပတ်ဝန်းကျင်ပရိသတ်က ကဲ့ရဲ့သင်္ကြိုဟ်နေကြသည့်အကြောင်း၊ သူတို့မောင်နှံ အလွန်ဝင်ဆံ့ ပေါ်ပြူလာဖြစ် သောအထက်တန်းစား လူကုံထံပိုင်းကဆိုလျှင် အန်တီခင်ကို ဦးတင့်နှင့် သမုတ်နေကြသည့်အကြောင်း ထို့ကြောင့် မှားလျှင်အစဉ် ပြင်လျှင်ခဏဆိုသလို အန်တီခင်က ကြိုးစားပြီး ဆင်ခြင်စေလိုကြောင်း စသဖြင့် ပညာရှိပီပီ စိမ်ပြေနပြေ ပြောဆိုဆုံးမခြင်း ဖြစ်ပါသည်။

ရုတ်တရက်တော့ အန်တီခင်က "အမယ်လေး ခင့်ကို အထင်လွဲလေခြင်းမောင်ရဲ့" ဟု ငိုချင်းချကာ လေပြည်ထိုးပါသေးသည်။ သို့သော် လင်ဖြစ်သူက ပကတိတည်ငြိမ်အေးဆေးသော အသံနှင့် စိတ်ရှည်လက်ရှည် အကျိုးသင့်အကြောင်းသင့် ပြောဆိုဆုံးမသောအခါ သူမမှာ နောက်ဆုံးဝန်ချတောင်းပန်ကာ နောင်ကိုဆင်ခြင်ပါမည်ဟု ကတိပေးပါတော့သည်။

ထိုနေ့မှစ၍ အန်တီခင်ကို ပွဲစားဦးတင့်၏ ကားပေါ်တွင် မမြင်ကြရတော့ပါ။ ဦးအေးမောင်တို့ အိမ်ရှေ့သို့ နက်ပြာရောင် အော်စတင်ကားကလေးလည်း နံနက်စောစောတိုင်း လာမဆိုက်တော့ပါ။ ဒါပေမဲ့ အန်တီခင်သည် ဦးတင့်နှင့် တိတ်တဆိတ် ချိန်းပြီးတွေ့လျက်ရှိသေးကြောင်းကို ခုတ်သိများက စွပ်စွဲကြပြန်ပါသည်။ ဆရာဦးအေးမောင်ကတော့ နောက်ထပ်မပြောတော့ပါ။

ဦးအေးမောင်၏ရောဂါမှာ အိန္ဒိယပြည် မဒရပ်မြို့သို့ သွားရောက်ကုသလျှင် ပျောက်ကင်းနိုင်မည်ဟု အသိမိတ်ဆွေများက ဝိုင်းပြောကြသော်လည်း ရန်ကုန်ဆေးရုံကြီးမှ ကျွမ်းကျင်သောဆရာဝန်တစ်ဦးက အဆုတ်တစ်ခြမ်းမှာ ဆန်ကာပေါက်တွေ ဖြစ်လောက်အောင်ပင် ရောဂါရင့်နေပြီဖြစ်သဖြင့် မဒရပ်သို့ သွားသည့်တိုင်အောင် မျှော်လင့်ချက်တယ်ပြီမရှိကြောင်း ရိုးသားစွာ ဖွင့်ပြောဖူးပါသည်။ အန်တီခင်က ငွေကြေးလုံလောက်အောင် ရှာဖွေစုဆောင်းပြီး လင်မယားနှစ်ယောက်စလုံး ကုလားပြည်သို့သွားရန် အကြံပေးသည်ကို အန်ကယ်က "မထူးတော့ပါဘူးခင်ရယ်။ ငွေကုန်လူပန်းဖြစ်ပြီး မတော်တဆ သူများတိုင်းပြည်မှာ သေနေမှာကိုလည်း မောင်စိုးရိမ်လှပါတယ်။ ဒီမှာပဲ အေးအေးဆေးဆေး နေပါရစေတော့အချစ်ရယ်" ဟု ဖွတ်ငြင်းနေသဖြင့် အန်တီခင်လည်း လက်လျှော့လိုက်ရပါတော့သည်။

* * *

စစ်ပြီးခေတ် မြန်မာပြည်နိုင်ငံရေးဇာတ်ခုံပေါ်တွင်ကား အဖြစ်အပျက်များသည် ပြဇာတ်ကောင်းတစ်ခုကဲ့သို့ လျှင်မြန်စွာ တစ်ခုပြီးတစ်ခု ဖြစ်ပျက်သွားပါတော့သည်။

၁၉၄၆ ခု ဖဆပလ ရွှေတိဂုံညီလာခံကြီး၊ ပြည်လုံးကျွတ် အထွေထွေသပိတ်ကြီးနှင့် ဆာပေါ်ထွန်း အစိုးရပြုတ်ကျပြီး ဗိုလ်ချုပ်အောင်ဆန်းတို့ ဖဆပလ အစိုးရတက်ဖွဲ့ခြင်း၊ နောက် ဖဆပလနှင့် ကွန်မြူနစ်ကွဲ၊ နောက် ၁၉၄၇ ခု ဇူလိုင်လ လုပ်ကြံမှုကြီးနှင့် ဗိုလ်ချုပ်တို့ ကျဆုံးပြီးနောက် မြန်မာပြည်နိုင်ငံရေး စင်မြင့်ပေါ်သို့ လူတကာတက်ပြီး ထင်ရာစိုင်းရင်း ၁၉၄၈ ခု နှစ်ဦးတွင် "လွတ်လပ်သော ပြည်ထောင်စု သမ္မတနိုင်ငံတော်ကြီး" ဟူ၍ ရန်ကုန်မြို့ရှိ နိုင်ငံရေးပရောဟိတ် ဟူးရားဖြူ ဟူးရားညိုတို့က ကင်ပွန်းတပ်လိုက်ကြပါတော့သည်။

လွတ်လပ်သော ပြည်ထောင်စုခေတ်တွင် အရေးကြီးဆုံး ခေတ်အစားဆုံး၊ လူတွေ စိတ်အဝင်စားဆုံးကတော့ အခြားမဟုတ်။

'အင်ပို့လိုင်စင်' ခေါ် သွင်းကုန်လိုင်စင်ပင် မဟုတ်ပါလော။ အင်ပို့လိုင်စင်သည် လူတိုင်း၏ ပါးစပ်ဖျားတွင် ရစ်ဝဲကာ လူတိုင်းလို နေ့ရောညပါ ဦးနှောက်ရှုပ်စေသည်ဆိုက မှားမည်မဟုတ်ပါ။ လူများကို နေ့ချင်းညချင်း ကြီးပွားချမ်းသာသော ဇရာမကုန်သည်သူဌေးကြီးများဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်စေနိုင်သကဲ့သို့ သက်ဆိုင်ရာ အဆက်ကောင်း စက်ခလုတ်ကို မနှိပ်တတ်သူများအဖို့ အမျိုးမျိုး စိတ်ဒုက္ခ ပေးနိုင်သော အစွမ်းတွေ အင်ပို့လိုင်စင်မှာ ရှိပါသည်။

သည်လို ထူးခြားသော တန်ခိုးဣဒ္ဓိပါဒ်တွေ ပြည့်စုံပြီး မက်စရာကောင်းလှသော အင်ပို့လိုင်စင်ကို ကျွန်တော်တို့ရဲ့ အန်တီခင်သည်လည်း လိုချင်တောင့်တမည်မှာ ယုံမှားဖွယ် မရှိပါ။ ရန်ကုန်မြို့ ကုန်သည်လောကတွင် ကာလအတော်ကြာအောင် ကျက်စားခဲ့ပြီးသဖြင့် ချက်ဆိုနားခွက်က မီးတောက်ပြီးသား အန်တီခင်သည် ၁၉၄၈ ခု၊ မိုးဦးကျအချိန်လောက်တွင် ဒါလဟိုဇီလမ်း တစ်နေရာ၌ (ခင့်မေတ္တာကုမ္ပဏီ)ဟူသော ဆိုင်းဘုတ်ကို ချိတ်ကာ ဝင်ကုန်ထွက်ကုန်နှင့် အထွေထွေကုန်သည်ကြီးတစ်ဦး လုပ်ပြီးသား ဖြစ်နေပါတော့သည်။

ကူးသန်းရောင်းဝယ်ရေးသမားများအဖို့ အကောင်းဆုံး ချက်ပိုင်နေရာဖြစ်သော ဆူးလေဘုရားနှင့် သိမ်ကြီးဈေးအကြား ဒါလဟိုဇီလမ်းမကြီးပေါ်တွင် ဆိုင်ခန်းတစ်နေရာရဖို့ရာမှာ မလွယ်ကူလှကြောင်းကို ကုန်သည်ဝိုင်းမှ လူများ ကောင်းစွာသိပါလိမ့်မည်။ ရပြန်လျှင်လည်း အဆမတန် များလှသော အပျောက်ငွေ(ဆလာမီ)ပေးရလေ့ရှိသည်။ ၎င်းဒါလဟိုဇီလမ်း အကောင်းဆုံးနေရာတွင် အန်တီခင်၏ (ခင့်မေတ္တာကုမ္ပဏီ)မှာ ခံ့ညားသပ်ရပ်စွာ တည်နေပါသည်။

ငွေပင်ငွေရင်းဟူ၍ ဘာမှပြောပလောက်အောင်မရှိသေးသော အန်တီခင်အဖို့ ယခုလိုကုမ္ပဏီတစ်ခု ဟန်ကျပန်ကျတည်ထောင်နိုင်ခြင်းမှာ အေးက ထောက်ပံ့ကူညီပေးမည့်သူမရှိဘဲ ဖြစ်နိုင်မည်မဟုတ်ပါ။ (ခင့်မေတ္တာကုမ္ပဏီ)ကို ဖန်တီးအသက်သွင်းရာ၌ စွမ်းစွမ်းတမံ ကူညီသူကား မည်သူများနည်း။ ပွဲစားကြီးဦးတင့်များလား ? မဟုတ်ပါ။ ဦးတင့်မှာ လမ်းမတော် ပွဲစားဝိုင်းတွင်သာ နှံ့စပ်ပြီး ပြည်တွင်းကုန်စည်များ ရောင်းဝယ်ရာ၌မှတစ်ပါး ထွက်ကုန်ဝင်ကုန်(ဝါ) အင်ပို့လိုင်စင်လောကတွင် မစွံပါ။ အန်တီခင်ကို တကယ်ပဲ ထိရောက်စွာ ကူညီသူများကတော့ ခေတ်ပညာတတ် ကုန်သည်လူလည် ဦးမြသိန်းနှင့် သူ၏မိတ်ဆွေ ကုန်ဈေးတန်းမှ မစ္စတာ ယူနွတ်တို့ဖြစ်ပါသည်။

ဦးမြသိန်းမှာ စစ်မဖြစ်မီ တို့ဗမာအစည်းအရုံးခေတ်က သခင်မြသိန်းအဖြစ် နိုင်ငံရေးနယ်၌ ဟိုစပ်စပ် သည်စပ်စပ် လက်တည့်စမ်းခဲ့ဖူးသောကြောင့် ယခုလွတ်လပ်ရေးခေတ်တွင်လည်း သခင်ဟောင်းဆိုရှယ်လစ်ကြီးကြီး မာစတာအချို့နှင့် ပလဲနံပသင့်လျက်ရှိသောကြောင့် အတော်ပင် 'စွံ' နေသည်ဟု ဆိုရပါမည်။ သူ၏ (မြသိန်းကော်မာရှယ်ကုမ္ပဏီ)မှာလည်း အင်ပို့လိုင်စင်တွေ ရောင်းစား၍ မကုန်နိုင်အောင်ပင် တစ်ခုပြီးတစ်ခု ကျနေပါသည်။ ရောင်းစားလို့ မကုန်ဟုဆိုရာ၌ တစ်ခါတစ်ရံ ကျလာသောလိုင်စင်များမှာ ကုန်အခြေအနေမကောင်းသဖြင့် လိုင်စင်အဆုံးခံရတတ်ပါသည်။ ဥပမာ အုန်းဆီဈေး အဆမတန်ကျနေချိန်တွင် အုန်းဆီလိုင်စင်ကျလာလျှင် လိုင်စင်ဝယ်မည့်တရုတ်၊ ကုလားကလည်း ဈေးမပေး၊ ကိုယ့်ဟာကိုယ် မှာပြန်လျှင်လည်း ရောင်းဈေးကျလွန်းသဖြင့် ချေးငှားပြီးလုပ်ရသော ငွေရင်း၏အတိုးပါ ရှုံးမည့်ကိန်းမျိုးလည်း ဆိုက်တတ်ပါသေးသည်။

သည်မျှလောက် အင်ပို့လိုင်စင်လောကတွင် 'စွံ'လှသော ကုန်သည်ကြီးဦးမြသိန်းနှင့် ခင်မင်ရသည်မှာ ကုသိုလ်ကံထူးလို့ပဲဟု အန်တီခင်၏စိတ်ဝယ် ထင်မှတ်လျက်ရှိပါသည်။ ဦးမြသိန်း၏ကျေးဇူးကြောင့် သူများထက်ပိုပြီး ဟန်နေသည်မဟုတ်ပါလော။ ဦးမြသိန်း၏ အပေါင်းအသင်းသြဇာကြောင့် အန်တီခင်ကိုယ်တိုင်ပဲ မြန်မာကုန်သည်ကြီးအသင်း၏ အမှုဆောင်ကော်မတီလူကြီးတစ်ဦး ဖြစ်လာခဲ့သည် မဟုတ်ပါလော။

ခင့်မေတ္တာကုမ္ပဏီ၏တစ်ဦးတည်း ပိုင်ရှင်မှာ အန်တီခင်ဖြစ်သော်လည်း ကုမ္ပဏီအမည်ကို မှတ်ပုံတင်ခြင်းက အစ အင်ပို့လိုင်စင်လျှောက်လွှာရေးပြီး အတွင်းဝန်ရုံးသို့ အရောက်ပို့ပေးသည်အထိ အစအဆုံး စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးသူကား ဦးမြသိန်းပင် ဖြစ်ပါသည်။ ခင့်မေတ္တာကုမ္ပဏီအတွက် အမြတ်တော်ခွန်စာရင်းပြင်ဆင်ခြင်း၊ ရောင်းဝယ်ခွန်ဌာန အကောက်ဌာနတို့နှင့် ဆက်သွယ်ခြင်းများကို ကျွမ်းကျင်နားလည်သော စာရေးတစ်ယောက်ကိုလည်း ဦးမြသိန်းကပင် ပေးထားပါသည်။

သည်ထိအောင် စိတ်ကောင်းသဘောကောင်းနှင့် ကူညီဖော်ရသော ဦးမြသိန်းကို အန်တီခင်က ကျေးဇူးမတင်ဘဲ မနေနိုင်ပါ။ အန်တီခင်က ဦးမြသိန်းကို အစ်ကိုကြီး အစ်ကိုကြီးဟု ခေါ်လျက် ဦးမြသိန်းကလည်း အန်တီခင်ကို 'ခင်'ဟု ခေါ်သည်အထိ ခင်မင်ရင်းနှီးလာပါတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ အန်တီခင်ကိုယ်တိုင်က လူတိုင်းနှင့်စကားပြောရာတွင် 'ခင်'ကလေ ဘယ်ကဲ့သို့ ဘယ်ချမ်းသာ စသဖြင့် ပြောလေ့ရှိသောကြောင့် သက်တူရွယ်တူ ရင်းနှီးသူများက 'ခင်' ဟု သူမအား ခေါ်လေ့ရှိပါသည်။

အန်တီခင်က ထိုကဲ့သို့ အင်ပို့လိုင်စင်စက်ဝိုင်းကြီးထဲတွင် မျက်စိနောက်လောက်အောင် ချာချာလည်လျက်ရှိစဉ် ရွှေဂုံတိုင်လမ်း သူတို့အိမ်တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်နေရှာသော တီဘီသမား ဦးအေးမောင်ကား မိမိ၏ရောဂါက မသက်သာရသည့်အပေါ်တွင် ဇနီးသည်၏ နောက်ဆုံးပေါ်စတန့်ဖြစ်သော အင်ပို့လိုင်စင်လုပ်ငန်းကို သူ့စိတ်ထဲမှ မကျေမနပ်ဖြစ်နေမိလေ၏။ တစ်နေ့တွင် အန်တီခင်နှင့် ဦးအေးမောင်တို့ အင်ပို့လိုင်စင်ပြဿနာကို အချေအတင် ဆွေးနွေးကြပါသည်။

"မဟုတ်ပါဘူး မောင်က ဒီလိုင်စင်လုပ်ငန်းကို ကောင်းကောင်းနားမလည်သေးလို့ပါ။ ခင်ပြောပြပါဦးမယ်။ အရင်တုန်းကဆိုရင် ဒီဝင်ကုန်လုပ်ငန်းကို မြန်မာထဲက လုပ်နိုင်တဲ့လူမရှိသလောက်ဘဲ။ ဟော... အခုတော့ နိုင်ငံတော်အစိုးရရဲ့ စီမံချက်ကြောင့် လူမျိုးခြားထက် မြန်မာတွေကို ပိုပြီး လိုင်စင်ချပေးတယ်။ လိုင်စင်ရတဲ့အခါ ပထမတော့ လူမျိုးကွဲရဲ့ ငွေပင်ငွေရင်း အကူအညီကို ယူရတာပေါ့။ နောက် တဖြည်းဖြည်း ငွေအင်အား ကောင်းရင်ကောင်းလာသလို ကုန်ပစ္စည်းတွေ ကိုယ်တိုင်မှာပြီး ရောင်းနိုင်တာပေါ့မောင်ရဲ့"

"ဟင် ခင်တို့ဟာက ခုလောလောဆယ်တော့ လူမျိုးခြားရဲ့ငွေနဲ့ မြန်မာကုမ္ပဏီကလိုင်စင်နဲ့ မှာမယ်ဆိုတော့ လိုင်စင်ကို ရောင်းစားသလို ကျနေတာပေါ့"

"အင်းလေ ရောင်းတော့ရောင်းတာပေါ့မောင်၊ ဒါပေမဲ့ အစိုးရက လိုင်စင်ရောင်းတာကို ခွင့်မပြုတဲ့အတွက် ဖြောင့်ဖြောင့်ရောင်းတယ်လို့ ဘယ်ဟုတ်မလဲ။ တစ်ဦးနဲ့တစ်ဦး နားလည်မှုနဲ့ ရောင်းရတယ်ဆိုပါတော့"

"ဟာ ဒီလိုဖြင့် ဘယ်ကောင်းပါ့မလဲကွယ်။ မြန်မာကုမ္ပဏီရဲ့ လိုင်စင်ကို ကုလား၊ တရုတ်က ဝယ်။ နောက်ကုန်တဲ့အခါကျတော့ ကုန်ပစ္စည်းဖိုးရော၊ လိုင်စင်ဝယ်တဲ့အဖိုး ငွေရော သူတို့သဘောကျတဲ့ အမြတ်အစွန်းရော တင်ရောင်းတဲ့အခါကျတော့ ကုန်ပစ္စည်းဝယ်သူ မြန်မာဆင်းရဲသားတွေပဲ နာတော့မပေါ့ခင်ရယ်"

"ဒါတော့ ဘယ်တတ်နိုင်မလဲ။ ကိုယ်မှာမှ ငွေရင်းမရှိတာ။ ဘယ့်နှယ်လုပ် မှာနိုင်မလဲ။ နောက်ပြီး လိုင်စင်ရောင်းတယ်ဆိုတာလည်း ခင်တို့လိုကုမ္ပဏီပေါက်စကလေးတွေ မဆိုထားနဲ့ ဧရာမကုန်သည်ပဂေးကြီးတွေရော၊ ဝန်ကြီးကတော်တွေထောင်တဲ့ ကုမ္ပဏီတွေတောင်မှ လိုင်စင်ရောင်းစားနေကြတော့ ဘာထူးမှာလဲ"

ဆရာဦးအေးမောင်မှာ ဘာမှပြန်မပြောနိုင်တော့ပါ။ သူ့ဇနီးမြိန်ရေရှက်ရေပြောပြနေသော နိုင်လွန်တစ်ကိုက် ၅ ကျပ်တန်ကို ၄၅ ကျပ်ရောင်းလို့ရပုံ၊ အထည်လိုင်စင် တစ်သိန်းဖိုးရလျှင် (ဆင့်ပါဆင့်)ရာနှုန်းပြည့်ဈေးဖြင့်ရောင်းကာ ဘာမှမလုပ်ဘဲ အချောင်ငွေတစ်သိန်းရနိုင်ပုံတွေကို ဦးအေးမောင်မှာ အားမကျနိုင်ဘဲ ထိုမူမမှန်ဖောက်ပြန်သော အရင်းရှင်စီးပွားရေးစနစ်ဆိုးကြီးကို ရွံမုန်းမိလေ၏။

* * *

လွန်ခဲ့သော ၁၉၄၅–၄၆ ခုနှစ်များက ပွဲစားဦးတင့်၏ အော်စတင်ကားကလေးပေါ်တွင် အမြဲလိုလိုမြင်ခဲ့ရသော အန်တီခင်ကို ယခုအခါ ကုန်သည်ကြီး ဦးမြသိန်း၏ ရှားရောင် 'ပက်ကပ်'ကားသစ်ကြီးပေါ်တွင် မြင်ရပြန်လေပြီ။ ဟိုတုန်းက ဦးတင့်နဲ့တွဲခဲ့သော အန်တီခင်မှာ ယခုတော့ ဦးမြသိန်းနှင့် အတိုင်းမသိ ခင်မင်ရင်းနှီးကာ လုံးထွေးနေပြန်ပါပြီ။ ကုန်သည်ကြီးအသင်းကိစ္စ၊ ဖဆပလရန်ပုံငွေကိစ္စ၊ ဝန်ကြီးဦးတင်(မြန်မာ့အလင်း)ဦးကျော်မြင့်ကလေးတို့နှင့် တွေ့ဖို့ကိစ္စစသည်ဖြင့် ကိစ္စပေါင်းသောင်းခြောက်ထောင်ကို အကြောင်းပြကာ အန်တီခင်သည် ကြောင်သူတော်ဘူးရွေး ဦးမြသိန်းနှင့် တစ်နေ့လုံး စုံတွဲခုတ်နေပါတော့သည်။

ကြောင်သူတော် ဦးမြသိန်းဟု ဆိုလိုက်ခြင်းကတော့ သူ့တွင် သားကြီးမယားကြီး ရှိလင့်ကစား တိတ်တိတ်ပုန်းမယားငယ်တွေယူ၊ စာရေးမကလေးတွေ ငွေနှင့်ပေါက်ဖျက်ဆီးတတ်သလောက် တနင်္ဂနွေနေ့ဆိုလျှင် ရွှေတိဂုံကုန်းတော်ပေါ်သို့မဟုတ် ကုက္ကိုင်းသာသနာ့ရိပ်သာသို့ သွားပြီး ပုတီးစိပ်၊ ဝိပဿနာတရားတွေ ပွားများတတ်သော ဧရာမသူတော်သူမြတ်ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ တိတ်တိတ်ပုန်းသောင်းကျန်းပုံကတော့ သူ့အိမ်တွင် ခိုင်းစေသော ကလေးမကလေးများပင် ချမ်းသာမပေးဟု သူ့ပစ်ကပ်ကားမောင်းသော ဒရိုင်ဘာလုမောင်က

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါပြောပြဖူးပါသည်။

ဦးမြသိန်းအား ဓာတ်သိပရိသတ်က ထို့ကြောင့် အန်တီခင်အကြောင်း သားပုပ်လေလွင့် စကားများ ပြောလာကြပြန်ပါပြီ။

ဦးအေးမောင်မိန်းမ ခင်ခင်နဲ့ ဦးမြသိန်းနဲ့ ဘာလိုလို။

ရန်ကုန်ပရိသတ်ကတော့ ဒီလိုသူတစ်ပါးအကြောင်း ပြောရမည်ဆိုလျှင် အင်မတန်မှ ဝါသနာကြီးပါသည်။ အန်တီခင်နှင့် ဦးမြသိန်းနှစ်ယောက်တည်း ဘယ်မှာတွေ့တယ်၊ ဘာညာနှင့်ပြောကြသော သတင်းစကားတွေကလည်း လျှံနေပါပြီ။ နောက်ဆုံး ၁၉၅၀ ခုနှစ်က(အိုဂျီအယ်လ်)လိုင်စင်မဲ့ တင်သွင်းခွင့်ပြုလိုက်သော အထည်တွေရဖို့ရာအတွက် မြန်မာကုန်သည်တွေ အိန္ဒိယပြည်ဘုံဘေမြို့သို့ အပြေးအလွှား သွားကြရာ၌ အန်တီခင်နှင့် ဦးမြသိန်းတို့နှစ်ယောက်သား ဘုံဘေသို့ လေယာဉ်ပျံဖြင့် သွားကြပါသည်။ ကာလကတ္တား ဂရင်းဟိုတယ်၌ တည်းခိုရာတွင် အန်တီခင်နှင့် ဦးမြသိန်းတို့ တစ်ခန်းတည်းကျင် နှစ်ယောက်အတူနေကြကြောင်း သတင်းမှာ ရန်ကုန်သို့ တစ်မုဟုတ်ချင်း ပျံ့နှံ့လာပါတော့သည်။

ဆရာဦးအေးမောင်၏စိတ်တွင်း၌ကား မည်မျှ ထိခိုက်ကြေကွဲနေပြီကို အထူးဖော်ပြနေစရာမလိုတော့ပါ။

ကုန်ဈေးတန်း(ခေက်သစ်ထရေဒင်ကုမ္ပဏီ)ပိုင်ရှင် မစ္စတာယူနွတ်ကား မြန်မာပြည်ပေါက် ကုလားလူရည်သန့် တစ်ဦးဖြစ်ပြီး အပေါင်းအသင်းလည်း ဆန့်သော လူရည်လည်တစ်ယောက်ဖြစ်လေသည်။ မြန်မာစကားကိုလည်း ကမ္ဘာ့ဝါဖတ်နိုင်လုမတတ် မှတ်နေအောင်ပြောတတ်ပြီး ရန်ကုန်မြို့ရှိ အထက်တန်းစားဟုဆိုကြသော လူကုံထံလောကတွင် တော်တော်ပဲ လူပေါင်းဆန့်သည်သာမက မြန်မာပြည်၏ ကံကြမ္မာကို ဖန်တီးနေကြသည်ဆိုသော နိုင်ငံရေးခေါင်းဆောင်ကြီးများအိမ်သို့ပင် အချိန်မရွေး ဝင်ထွက်သွားလာနိုင်အောင် ပေါက်ရောက်တွင်ကျယ်နေသူတစ်ဦးလည်း ဖြစ်ပါသည်။

ယူနွတ်၏မိဘများလက်ထက်ကပင် မြန်မာပြည်သို့ လာရောက်အခြေစိုက်ပြီး အထည်အလိပ် လက်ကားလုပ်ငန်းကို လုပ်ခြင်းဖြင့် အကြီးအကျယ် စီးပွားဖြစ်ထွန်းလာခဲ့ပေရာ ယခု သူ၏လက်ထက်တွင် ငွေပင်ငွေရင်းတောင့်တင်းပြီးသား အထည်လုပ်ငန်းမှာလည်း အခြေခိုင်မြဲပြီးသား ဖြစ်နေပါသည်။ ယူနွတ်အဖို့တော့ လူကုံထံခနရှင်တစ်ယောက်ပီပီ လောကကြီး၏ ကောင်းပေ့ဆိုသမျှ သာယာမှုစည်းစိမ်တွေကို မပူမပင် ခံစားသွားရုံမှတစ်ပါး အခြားအလုပ်မရှိပါ။ သူနှင့်ရွယ်တူ တန်းတူ မြန်မာလူကုံထံအချို့နှင့် အတူအရက်သောက်၊ မြင်းလောင်း၊ ကလပ်တက်၊ မိန်းမလိုက်စသော လူကြီးလူကောင်းကြမ်းပိုးထိုးနည်းမျိုးစုံကိုလည်း တစ်ဖက်ကမ်းခတ်အောင် တတ်ကျွမ်းနေပါပြီ။

ကုန်သည်ကြီး ဦးမြသိန်း မိတ်ဆက်ပေး၍ တွေ့ဆုံသိကျွမ်းရသော ခင်ခင်ခေါ် မစ္စက်အေးမောင်ဆိုသူ ရုပ်ချောစတိုင်ဖြောင့်အမျိုးသမီးတစ်ဦးကို ယူနွတ်ဘိုင်က မြင်မြင်ချင်းပဲ မျက်စိကျမိပါပြီ။ ထို့ကြောင့်ပင် (ခင်မေတ္တာကုမ္ပဏီ)အတွက် ဆိုင်ခန်းနေရာကို ဒါလဟိုဇီလမ်းတွင်ရအောင် သူကိုယ်တိုင် ကြံဆောင်ပေးသည်သာမက ဆလာမီတစ်ဝက်ကိုပင် သူကပဲ ရက်ရောစွာ စိုက်ပြီးပေးလိုက်ပါသည်။

သည်လိုစေတနာဗရပွနှင့် ပြည့်စုံသော ယူနွတ်ဘိုင်ကို ကျွန်တော်တို့ရဲ့ အန်တီခင်က အတိုင်းထက်အလွန်ကျေးဇူးတင်မိမည်မှာ ယုံမှားဖွယ်မရှိပါ။ “ယူနွတ်ဘိုင်က တခြားကုလားတွေနဲ့ မတူဘူး၊ သိပ်သဘောကောင်းတာရှင့်” ဟု ကောင်းချီးသြဘာပေးသံကိုလည်း အန်တီခင်၏ပါးစပ်ဖျားမှ ခဏခဏကြားရပါသည်။ အန်တီခင်တို့အဖို့တော့ ယူနွတ်ဘိုင်မှာ တကယ်ပဲကျေးဇူးတင်စရာကောင်းလှပါသည်။ ကုန်သည်ဘာဝ မိတ်ဆက်လက်ဆောင်ဟုဆိုကာ အဖိုးတန်(ဆာရီ)လုံချည်များ၊ နိုင်လွန်စများ ပေးကမ်းခဲ့သည်မှာလည်း အတော်ပဲများပါသည်။ စားနေကျကြောင်ပါးဖြစ်သော မစ္စတာယူနွတ်ကတော့ အလစ်ကိုသာ ချောင်းနေကြောင်းကို အန်တီခင်မှာ မသိပါ။

တစ်နေ့သော် ပြည်လမ်း ၆ မိုင်ရှိ ကုလားသူဌေးတစ်ဦးအိမ်တွင် မြန်မာကုန်သည်အချို့ကို မိတ်ဆက်နေ့လယ်စာ စားပွဲကျွေးသဖြင့် ၎င်းသူဌေးကိုယ်စား ယူနွတ်ကိုယ်တိုင်ကပဲ အန်တီခင်ကိုဖိတ်ခေါ်ပြီး နှစ်ယောက်သား ယူနွတ်ဘိုင်ကိုယ်တိုင်မောင်းသော သူ၏ ဟာဒ်ဆင်ကားကြီးနှင့် သွားကြပါသည်။ အန်တီခင်အဖို့တော့ ယောကျ်ားတစ်ဦးနှင့်တွဲပြီး ကားစီးခြင်းမှာ ရိုးနေပြီ မဟုတ်ပါလော။

ဟာဒ်ဆင်ကားသည် ကမာရွတ်ဂါတ်လွန်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် ယူနွတ်ဘိုင်က နေ့လယ်စာ စားပွဲရှိသည်မှာ မဟုတ်ကြောင်း၊ အန်တီခင်နှင့် လွတ်လပ်စွာ စကားပြောလို၍ ခေါ်လာခဲ့ရပြီး သူ့ကိုစိတ်မဆိုးဖို့အကြောင်းများကို မြန်မာရည်ဝနေသော ကုလားသည် ဆီမန်းမန်းသလို ပြောပါတော့သည်။

ထိုနေ့ညနေ ၃ နာရီအချိန်လောက်က ဟာဒ်ဆင်ကားကြီး ရန်ကုန်ထဲပြန်မောင်းလာသောအခါ အန်တီခင်အားနီးကပ်စွာ ကြည့်ခွင့်ရမည်ဆိုပါက သူမ၏နိုင်လွန်အင်္ကျီမှာ ကျေမနေသော်လည်း သူမ၏ ပါးမှပေါင်ဒါ၊ မိတ်ကပ်နှင့် သူမ၏နှုတ်ခမ်းက နှုတ်ခမ်းဆိုးဆေးမှာ အရောင်မတောက်တော့ဘဲ ခပ်မှုန်မှုန်သာ ကျန်ရစ်ကြောင်း မြင်ရမည်ဖြစ်ပေသတည်း။

* * *

အန်တီခင်ဆိုတဲ့ အန်တီခင်ကတော့ တော်တော်ပဲခက်ပါသည်။ အပေါင်းအသင်းပရိသတ်ရှေ့တွင် ပြုံးပြုံးရွှင်ရွှင်နှင့် ခေါ်ခေါ်ပြောပြော ရှိသလောက် သူမကွယ်ရာတွင် သားပုပ်လေလွင့်အတင်းစကားတွေ နင်းကန်ပြောသည်ကိုလည်း အန်တီခင်က မသိဘဲ သူမကိုယ်သူမ အတော်ဟုတ်လှပြီဟု ထင်မိပါသည်။ သူမအကြောင်းမကောင်းသတင်းတွေအားလုံး အိမ်ရှိလင်တော်မောင် ဦးအေးမောင်နားသို့ ရောက်သည်ကိုလည်း မသိဘဲ ကုလားယူနွတ်ကိုပင် အိမ်သို့ဖြောင်ခေါ်လာပြီး "မောင်... ဟောဒါခင်စီးနေတဲ့ ဟာဒ်ဆင်ကားကြီးပိုင်ရှင် ယူနွတ်ဘိုင်ပေါ့၊ အခုခင်တို့ ကုမ္ပဏီအတွက် ပစ္စည်းတွေမှာပေးတဲ့နေရာမှာ အားလုံး ကူညီပေးရှာတယ်။ အိုဂျီအယ်လ်နဲ့ ခင်မှာလိုက်တဲ့အထည်တွေရောက်ပြီး ဈေးတရဟောကျလို့ ဒုက္ခဖြစ်မယ့်ဆဲဆဲမှာ ကယ်လိုက်တာလည်း ဟောဒီယူနွတ်ဘိုင်ပဲမောင်ရဲ့"ဟု မျက်နှာပြောင်လာတိုက်သောအခါ ဆရာဦးအေးမောင်၏ အသည်းကို အပ်ဖျားကလေးနှင့် လာဆွပေးသကဲ့သို့ နာကျင်စေပါသည်။

ဒါပေမဲ့ ဇနီးသည်အပေါ် အချစ်ကြီးလှသဖြင့် ဖွင့်ပြီးမပြောရက်ပါ။

သို့နှင့်ပင် သူတို့နှစ်ဦးကံကြမ္မာကို နောက်ဆုံး ဖန်တီးမည့်အချိန်သို့ ရောက်လာပါတော့သည်။

ရာသီဥတုကောင်းသောနေ့တစ်နေ့တွင် ဦးအေးမောင်မှာ အနည်းငယ် နေသာထိုင်သာရှိသဖြင့် ဆရာအတတ်သင်သိပ္ပံကျောင်းရှိ စောင်းဦးဘသန်းတို့အိမ်သို့ တစ်နေကုန်အချိန်ဖြုန်းရန် ထွက်လာပါသည်။ ဆရာဦးဘသန်းနှင့်တွဲပြီး မတီးရမဆိုရသည်မှာ ကြာပြီဖြစ်သဖြင့် သူ အင်မတန်ချစ်သော ဂီတရေယဉ်လှိုင်းများကိုလည်း စီးချင်သည့် ဆန္ဒများပေါ်လာဟန်ရှိပါသည်။

နံနက်စာ စားသောက်ပြီး တစ်နာရီခန့် ဆိုကြတီးကြပြီးသော် ဆရာဘသန်းနှင့်ဇနီး တင်မကြီးတို့က လေညင်းခံပျော်ပွဲစားထွက်ကြမည်ဟုဆိုကာ ဂီတာ၊ တယော၊ စောင်းတို့ပါယူလျက် ဦးဘသန်းတပည့် မောင်ကြည်လေးနှင့်အတူ အင်းလျားကန်ဆီသို့ ထွက်လာကြပါသည်။

စနေ၊ တနင်္ဂနွေနေ့များမဟုတ်သဖြင့် အင်းလျားအလယ်ကျွန်းတွင် လူပြတ်လျက် အေးဆေးငြိမ်သက်လျက်ရှိရာ ဆရာဦးဘသန်းတို့လူစုမှာ စားသောက်ရေချိုးပြီး ကောင်းကောင်းဆိုကြတီးကြအံ့ဟု တဲအိမ်တစ်အိမ် ခေတ္တငှားပြီး စတဲချကြပါသည်။

ဆရာဦးအေးမောင်သည် အင်းလျားကန်ရေပြင်ပေါ်မှ ဖြတ်သန်းပြီး တိုက်လာသော လေကောင်းလေသန့်ကို ရှူရသည်မှာ အလွန်အရသာရှိသည်ဟု ထင်ရပါသည်။

အိမ်ဝရန်တာပြင်ဘက်မှနေပြီး ဘေးပတ်ဝန်းကျင်ကို လျှောက်ကြည့်နေရင်း တစ်ဖက်ခြံရှိ အိမ်ကလေးပြတင်းပေါက်တွင် မြင်လိုက်ရသော အခြင်းအရာကို ဆရာဦးအေးမောင်သည် မိမိ၏မျက်စိပင် မှားလေသလောဟု မယုံနိုင်အောင် ဖြစ်သွားပါသည်။

တစ်ဖက်အိမ်မှ ဖွင့်ထားသော ပြတင်းပေါက်နားဆီတွင် ယူနွတ်ဘိုင်ခေါ်သည့် ကုန်ဈေးတန်းမှ ကုလားက တင်းကျပ်စွာပွေ့ဖက်ထားသော လက်မောင်းကြားတွင် မြန်မာမိန်းမတစ်ယောက်သည် ကော့ကော့ကလေးနေလျက် ကုလားက ထိုမိန်းမကို အားရပါးရ နမ်းနေပါသည်။

ထိုမိန်းမကတော့ ... အန်တီခင်။

ဦးအေးမောင်တွင် ခေါင်းထဲ၌ မိုက်ခနဲဖြစ်သွားပြီး ချာခနဲလှည့်ကာ ဦးဘသန်းအား မိမိကို လေစိမ်းတိုက်မခံနိုင်သဖြင့် အိမ်သို့အမြန် ပြန်ပို့ပေးစမ်းပါဟု တောင်းပန်ကာ ချက်ချင်း ပြန်ပြေးခဲ့ရလေသည်။

လိုရင်းကိုတိုတိုပဲ ပြောပြရလျှင်တော့ ထိုနေ့ညနေ

www.burmeseclassic.com

www.burmeseclassic.com



အန်တီခင် အိမ်ပြန်ရောက်ရောက်ချင်း လူအေးကိုအေးမောင်သည် ပထမဆုံးအကြိမ် အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါခါ နာကြည်းခြင်းဖြင့် ပေါက်ကွဲသော ဒေါသသံဖြင့် ဇနီးဖြစ်သူအား စွပ်စွဲကာ ကြိမ်းမောင်းပါတော့သည်။ အင်းလျားက အဖြစ်အပျက်ကို ဦးအေးမောင်မမြင်ဘူးအထင်နှင့် အန်တီခင်က (မဟုတ်ပါဘူးမောင်ရဲ့)ဟု မုန်လာဥလုပ်လာသောအခါ၌ကား ဆရာဦးအေးမောင်သည် ဒေါသကိုမချုပ်တည်းနိုင်တော့ဘဲ စားပွဲပေါ်ရှိ ရှမ်းပြည်နယ်မှ လက်ဆောင်ရထားသော ဆင်စွယ်ဓားမြှောင်ကလေးကို ကောက်ယူကာ အန်တီခင်၏ ရင်ဝကို တအားထိုးစိုက်လိုက်သည်နှင့်တစ်ပြိုင်နက် နီရဲသော သွေးတွေဖြာထွက်ကာ အန်တီခင် လဲကျသွားသည်နှင့် မရှေးမနှောင်းပင် ဦးအေးမောင်မှာလည်း ပြင်းစွာစိတ်လှုပ်ရှားမှုအရှိန်ကြောင့် မူးမေ့သွားပါတော့သတည်း။

အန်တီခင်မှာ ထိုဓားဒဏ်ရာချက်နှင့်ပင် ဆေးရုံကြီးသို့ရောက်ပြီး နာရီဝက်အတွင်း သေဆုံးသွားပါတော့သည်။

"ကိုင်း... အဲဒါ မင်းပဲစဉ်းစားကြည့်တော့ မောင်နေဝင်းရာ။ ဒီကိစ္စမှာ အန်ကယ့်အပြစ်လား၊ မင်းအန်တီအပြစ်လားဆိုတာ။ သူ့ရဲ့ကိုယ်ကျင့်တရားနဲ့ စရိုက် (Character) ဖြစ်ပုံကို ဆန်းစစ်ကြည့်မယ်ဆိုရင် ငါကိုယ်တိုင်တီဘီရောဂါဖြစ်ပြီး၊ အားအင်ချည့်နဲ့လို့ သူ့ခများကျိတ်ခံနေရတဲ့ လိင်ပြဿနာ(Sex Perversion)ကြောင့်ပဲလား၊ ဒါမှမဟုတ်လည်း စက်ဆုပ်ဖွယ် အရင်းရှင်စီးပွားရေးစနစ်ဆိုးနဲ့ ခင်ခင်လို အမျိုးသမီးတစ်ယောက်ကို ပျက်စီးစေလောက်အောင် ဖောက်ပြန်တဲ့လက်ရှိ လူ့အဖွဲ့အစည်း (Society)ကြောင့်ပဲလားဆိုတာတွေတော့ တွေးစရာပေါ့။ အန်ကယ့်အဖို့တော့ လမ်းဆုံးနေပြီ။ ရုံးကထောင်ချရင်လည်းချ၊ ကြိုးပေးချင်လည်းပေး၊ ဘာမှမထူးတော့ပါဘူး။ အန်ကယ့်ရောဂါကိုက ရှေ့လျှောက်နေရ အလွန်ဆုံးတစ်နှစ်ပေါ့ သားရယ်"

ဟု ပုဒ်မ ၃၀၂ လူသတ်မှုဖြင့် ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရပြီး ရန်ကုန်ထောင်ကြီးထဲတွင် ကျွန်တော်နှင့် ကံအားလျော်စွာ ဆုံဖြစ်အောင် ဆုံတတ်သော အန်ကယ်ဦးအေးမောင်က သူ၏ကြေကွဲဖွယ်ဖြစ်ကြောင်းကုန်စင်ကို ပြောပြသမျှ တစ်ဆင့်ဖောက်သည်ချလိုက်ရပါတော့သတည်း။

❖

အတွဲ-၅၊ အမှတ်-၅၁၊ ၁၉၅၀၊ ဩဂုတ်၊
ရှုမဝမဂ္ဂဇင်း

www.burmeseclassic.com